# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ၊ စနေနေ့ ၊ (19-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်အားပေးကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ခြေ၊လက်အချိုးအဆစ်ညီညာစွာအသုံးပြု၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသစုံလင်လှသည့်ဆိုင့်ငို၊ပြောအကအလှများဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့်အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁**






ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေး

ယခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်ခမ်းနားစည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပလျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးအတွက် မျှော်မှန်းကျင်းပသော ပြိုင်ပွဲကြီးတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံအတူတကွစုစည်းနေထိုင်ကြပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့်ယဉ်ကျေးမှုအနုသုခုမများကလည်း ကွဲပြားခြားနားများပြားစွာ တည်ရှိလျက်ရှိသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ၏ ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုအမွေအနှစ်များ၊ အနုသုခုမများစွာကို မတိမ်ကော မပပျောက်စေရန်၊ ဆင့်ကဲဆင့်ကဲဆက်လက်ဖြန့်ဝေနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း ပြည်ထောင်စုအစိုးရက ကျင်းပနိုင်ခြင်းမရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်အဆင့်ထိ အချိန်အား၊ လူအား၊ ငွေကြေးအင်အားများစွာဖြင့် ခမ်းနားစည်ကားသိုက်မြိုက်စွာကျင်းပနေခြင်းပင်ဖြစ်သည်။ ယခုနှစ်၏ ပြိုင်ပွဲအသီးသီးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ အပြင် သတ်မှတ်နေရာအသီးသီးတို့၌ ယဉ်ကျေးမှုအမွေအနှစ်များလက်ဆင့်ကမ်းထိန်းသိမ်းထားသူ ပြိုင်ပွဲဝင်ဦးရေ ၂၅၀၀ကျော်တို့က အနုပညာစွမ်းရည်အသီးသီးကို အစွမ်းကုန်ဖော်ထုတ်ယှဉ်ပြိုင်လျက်ရှိကြသည်။

နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သူ၊ မြတ်မြတ်နိုးနိုးဆင့်ပွားခံယူကြသူတို့သည် ပင်ကိုယဉ်ကျေးသိမ်မွေ့သောနှလုံးသားမှတစ်ဆင့် နိုင်ငံနှင့်နိုင်ငံသားတို့အပေါ် စစ်မှန်သောမျိုးချစ်စိတ်များ ခိုင်မာရှင်သန်လျက်ရှိသူများပင်ဖြစ်သည်။ မိမိနိုင်ငံနှင့် မိမိတို့တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မျက်ကွယ်ပြုလျှင် ယဉ်ကျေးမှုအနုသုခုမပညာရပ်များ တိမ်ကောပပျောက်သွားပြီး ခေတ်သစ်နယ်ချဲ့တို့၏လက်နက်တစ်ခုဖြစ်သော တိုင်းတစ်ပါးယဉ်ကျေးမှုအလေ့အထများ ဝင်ရောက်ခြယ်လှယ်နေရာယူခြင်းကိုခံကြရကာ မိမိတို့၏စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များ လျော့နည်းပျက်စီးမှုတို့ဖြစ်ပေါ်လာပေမည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူသွေးချင်းအပေါင်းတို့က မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းကြရာတွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိပါးနှောင့်ယှက်ခြင်း၊ လွှမ်းမိုးခြယ်လှယ်ခြင်းတို့မှ ကင်းဝေးစေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် တက်ညီလက်ညီဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အနုပညာ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် ထိုနိုင်ငံ၏မျိုးချစ်စိတ်ကိုယ်ခံအင်အားတစ်ခုပင်ဖြစ်သည်။ ထိုကိုယ်ခံအင်အားမကောင်းပါက အလစ်ချောင်းထိုးနှက်နေသော တိုင်းတစ်ပါးယဉ်ကျေးမှုများက ဝင်ရောက်လွှမ်းမိုးခြယ်လှယ်သွားကြမည်ပင်ဖြစ်လေရာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာတည်သရွေ့ခိုင်မာအားကောင်းရေးသည် နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည်ကို အစဉ်သတိချပ်ကြရမည်ဖြစ်ပါသည်။

ယခုကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားတည်တံ့ခိုင်မြဲရေး၊ မြန်မာ့အနုပညာသုခုမပညာများမှတစ်ဆင့် မြန်မာတို့တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ဖူးပွင့်ဝေဆာအားကောင်းလာရေးတို့အတွက် ကြီးမားသော အထောက်အပံ့ကောင်းတစ်ခုပင်ဖြစ်ပေရာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံသည့် ပြိုင်ပွဲကြီးတစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ညီညာဖြိုဖြို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကလေးမြို့နယ်တွင် စပါး ၁၂၆၄၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၆၄၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၄၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါးစိုက်ပျိုးရာမှာ အခက်အခဲ ကလေးမြို့နယ်မှာ မိုးစပါး ၁၂၇၁၅၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၆၄၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧက ပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တောင်သမန်တံတားနှင့်အင်းသို့ အောက်တိုဘာလဒုတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားများလာရောက်လည်ပတ်မှု များပြားလာ



**မန္တလေး အောက်တိုဘာ ၁၈**

တောင်သမန်တံတားနှင့်အင်းသို့ အောက်တိုဘာလ ဒုတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများ ပြားလာကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် အရှေ့တောင်အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများမှခရီးသွားများစိတ်ဝင်တစားလည်ပတ်စရာနေရာအများအပြား ရှိသည့်အနက် တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက် လည်ပတ်မှုများပြားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ အဆိုပါတံတားနှင့်အင်းသို့ ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများလည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော တောင်သမန်အင်းနဲ့တံတားကို မန္တလေးမြို့၊ ရန်ကုန်မြို့၊ ပြင်ဦးလွင်မြို့နဲ့ နေပြည်တော်စတဲ့မြို့တွေက ခရီးသွားတွေအပြင် ပြည်ပနိုင်ငံတွေကခရီးသွားတွေပါ လာရောက်လည်ပတ်မှု များပြားနေပါတယ်။ ပြည်တွင်းခရီးသွားတွေကတော့ လာရောက်လည်ပတ်မှုအများဆုံးဖြစ်ပါတယ်"ဟု တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

အဆိုပါ တောင်သမန်အင်းနှင့်တံတားသို့ အောက်တိုဘာလ ပထမပတ်က ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာရှိခဲ့ပြီး အောက်တိုဘာလ ဒုတိယပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၁၂၀၀ ကျော်ထိ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ တောင်သမန်အင်းအတွင်း နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုများလျော့ကျလာခြင်း များကြောင့် အရောင်းအဝယ် အေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့ထိ ရောင်းချင်တာတွေများနေပြီး အဝယ်ကတော့နည်းနေသေးတယ်။ ပြီးတော့ တန်ဖိုးကြီးမြေကွက်တွေလဲ အရောင်းအဝယ်အေးနေပါတယ်။ အခုအချိန်ထိ ဝယ်မဲ့သူတွေက ဈေးကျမလားဆိုတဲ့မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေကြပြီး ဝယ်ဖို့တုံ့ဆိုင်းနေကြတာတွေလဲ တွေ့ရတယ်။ အကွက်ရိုက်မြေကွက်တွေ အရောင်းအဝယ်ရှိနေတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်အောင်က ပြောပြသည်။

ဂရန်မြေကွက် ဈေးနှုန်းများအနေဖြင့် ပေ ၄၀x၆၀ မြေကွက်များမှာ ငွေကျပ်သိန်း ၉၀၀ ခန့်မှ သိန်း ၅၀၀၀ ကျော်ထိ ပေါက်ဈေးရှိနေပြီး အချို့သောမြေကွက်များတွင် မြေနေရာကျယ်ဝန်းမှု၊ နေရာအချက်အချာကျမှု၊ လမ်းမတန်းများနှင့် မူလအမည်ပေါက် စသည့် အချက်အလက်များအပေါ်မူတည်ကာ ဈေးနှုန်းကွာခြားချက်များရှိရာ ပေါက်ဈေး ငွေကျပ်သိန်းသောင်းဂဏန်းထိရှိကြောင်း သိရသည်။

၎င်းရမ်းနေထိုင်မှုတွင်လည်း ဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ၎င်းရမ်းမှုအများဆုံးဟု သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၃၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင် ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၅၀၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁လမ်း) လမ်းအပိုင်းများရှိ လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၃၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက် ဈေးရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်အောင်ထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မိုးညိုမြို့နယ် ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညို အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ဖောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖောဓိကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၆၀ ကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သုတ**

## မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၈၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၈၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၆၁ ကေနှင့် ဖူးစားပြောင်း ၁၀၅၉ ကေ စုစုပေါင်း ကေ ၁၈၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၆၅ ကေနှင့် ဖူးစားပြောင်း ၁၀၄၇ ကေ စုစုပေါင်း ၁၈၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ကေ ၁၈၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ **(၂၀၆)**

## ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒရယ်လူးခေတ်မီစံပြကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ဒရယ်လူး ခေတ်မီစံပြကျေးရွာ၌ စီမံကိန်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဒရယ်လူး ခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် ကျေးလက်ချမ်းသာအဖွဲ့၊ ပလောင်တောင်ဝေး(ကြီးပွားရေး)အဖွဲ့၊ စပါးစိုက်ပျိုးမည့်မေတ္တာရောင်စဉ်အဖွဲ့၊ ကွမ်းစိုက်ပျိုးမည့် အောင်ဇမ္ဗူကျော်အဖွဲ့ စုစုပေါင်း အစုအဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ပုသိမ်မြို့နယ်မှထွက်ရှိသည့် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ထွက်ရှိသည့် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်လာကြောင်း ပုသိမ်မြို့နယ်မှပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် အောက်တိုဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၂၀၀ မှ ၈၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုများပြားလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းမွန်လာတာဖြစ်ပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက ဆောင်းရာသီကာလ လက်ကျန်စားတော်ပဲ အဟောင်းတွေဖြစ်ပါတယ်။ စားတော်ပဲ အရောင်းအဝယ်ကောင်းမွန်လာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ကုန်သည်တွေ၊ ကုန်တင်ယာဉ်အငှားလိုက်တဲ့သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင် အခွင့်အလမ်း အများအပြားရရှိလာတာဖြစ်ပါတယ်။ လက်ရှိ ပုသိမ်မြို့နယ်က ထွက်ရှိတဲ့ ဒေသထွက် စားတော်ပဲတွေကို ပြည်တွင်းဒေသဈေးကွက်အပြင် ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများပြားနေပါတယ်။ အခု လတ်တလောအနေနဲ့ ပုသိမ်မြို့နယ်က ထွက်ရှိတဲ့ ဒေသထွက်စားတော်ပဲတွေကို ရန်ကုန်ဈေးကွက်အပြင် မုံရွာနဲ့ မန္တလေးဈေးကွက်ကပါ ဝယ်ယူမှုများပြားနေပါတယ်"ဟု ပုသိမ်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် စားတော်ပဲများ အပါအဝင် အခြားပဲများကို စနစ်တကျ သန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ဒေသခံများက စားတော်ပဲကို တစ်ဧကမှ ၁၀ ဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကျန်းမာရေးအတွက် စားသုံးသင့်သော မက္ကဒေးမီးယား

ဒေါက်တာလပြည့်ခင်



**မက္ကဒေးမီးယားအပင်(Macadamia)**

မြန်မာနိုင်ငံတွင် လူသိများထင်ရှားလာသော မက္ကဒေးမီးယားအစေ့အဆန်တစ်မျိုး၏ ကျန်းမာရေး အကျိုးကျေးဇူးများနှင့် ဆေးဘက်ဆိုင်ရာအသုံးဝင်ပုံများကို ဖော်ပြလိုက်ပါသည်။

မက္ကဒေးမီးယားပင်သည် ပန်းပွင့်သောမျိုးရင်း အနွယ်ဖြစ်သည်။ မူလဒေသသည် ဩစတြေးလျ နိုင်ငံ နယူးဆောက်ဝေးလ်အရှေ့မြောက်နှင့် အလယ်ပိုင်း ဒေသ ကွင်းစ်လန်းအရှေ့တောင်ဒေသတို့တွင် အများဆုံးပေါက်ရောက်သည်။ အဆိုပါနိုင်ငံများတွင် Macadamia Nut ကို Queensland Nut, Bush Nut, Maroochi Nut, BaupleNut ဟု အမျိုးမျိုးခေါ်ကြပြီး အမေရိကန်နိုင်ငံတွင် Hawaii Nut အဖြစ် လူသိများထင်ရှားသည်။ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့တွင် အဓိကစိုက်ပျိုးသည်။

မက္ကဒေးမီးယားမျိုးစိတ်လေးမျိုးအနက် နှစ်မျိုးမှာ အသီးအတွက် စီးပွားဖြစ်အရေးပါသောအမျိုးအစားဖြစ်သည်။ မက္ကဒေးမီးယားပင်သည် ပေ ၄၀ မှ ပေ ၇၀ ခန့်ထိ အမြင့်ရှိပြီး ဘဲဥပုံသဏ္ဌာန်ထိပ်လုံးပြီး ရှည်သောအရွက်နှင့် ပန်းရောင်၊ အဖြူရောင်ပန်းအပွင့်ပွင့်ပြီး အကြီးမြန်၍ အလယ်အလတ်အရွယ်ရှိသော အမြဲစိမ်းအပင်အမျိုးအစားတွင် ပါဝင်သည်။ မက္ကဒေးမီးယားအသီးကို ဆေးဝါးပိုင်းဆိုင်ရာတွင် ကျယ်ပြန့်စွာအသုံးပြုနေကြသည်။

**မက္ကဒေးမီးယားသီးနှင့် မက္ကဒေးမီးယားအစေ့အဆန်**

မက္ကဒေးမီးယားသည် အရသာနှင့် ပြည့်စုံသော အာဟာရနှင့် ဖြည့်စွက်စာအစေ့အဆန်တစ်မျိုးဖြစ်ပြီး မက္ကဒေးမီးယားအစေ့၏အရသာသည် သီဟိုဠ်သီးဆန်အရသာကဲ့သို့ စိမ့်ပြီး အရသာကောင်းမွန်သည်။ ထို့ပြင် မက္ကဒေးမီးယားအသီးတွင် အရသာနှင့် အာဟာရပြည့်ဝစွာပါဝင်သောကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် လူသိများထင်ရှားသော အသီးဖြစ်ပြီး ၎င်း၏ အရသာကောင်းမွန်မှုကြောင့် တစ်ခါစားဖူးသူတိုင်း နောက်တစ်ခါထပ်စားချင်လောက်အောင်ပင်ဖြစ်ရသော သစ်စေ့တစ်မျိုးဖြစ်ကာ တချို့က မက္ကဒေးမီးယားသီးကို ချောကလက်သီးဟုလည်း ခေါ်ဆိုကြသည်။ မက္ကဒေးမီးယားအစေ့တွင် ဗီတာမင်များ၊ သတ္တုဓာတ်များ၊ အမျှင်ဓာတ်များနှင့် ဓာတ်တိုးဆန့်ကျင်စေတတ်သော ဓာတ်ပေါင်းများပါဝင်သည်။

မက္ကဒေးမီးယားအစေ့သည် ထောပတ်နှင့်တူသော အရသာရှိပြီး ကယ်လိုရီပြည့်၍ ဗိုက်ကိုပြည့်စေသည်။ ထို့ကြောင့် ပရိုတင်းဓာတ်ပါဝင်သည့် အစေ့အဆန်တို့သည်အကောင်းဆုံးကျန်းမာရေးအထောက်အကူပြု သဘာဝအစားအစာဖြစ်သည်။ ကိုယ်အလေးချိန်ထိန်းသိမ်းသူများ စားသုံးသင့်သောအစေ့များတွင် မက္ကဒေးမီးယားအစေ့လည်း ပါဝင်သည်။

**မက္ကဒေးမီးယားအစေ့တွင်ပါဝင်သော အာဟာရဓာတ်များ**

မက္ကဒေးမီးယားအစေ့သည် အရသာပြည့်စုံသည့်အပြင် ကင်ဆာကိုကာကွယ်နိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလုံလောက်စွာပါဝင်သည်။ ထို့ပြင် ကိုယ်ခန္ဓာအားအင်ပြည့်စေသော ကစီဓာတ်များ၊ အစာခြေစနစ်အတွက် အထောက်အကူပြုသော အမျှင်ဓာတ်များ၊ အသားဓာတ်များပေါကြွယ်ဝသည့်အပြင် ကိုယ်ခန္ဓာကိုအကျိုးပြုသည့် သတ္တုဓာတ်များလည်း ပါဝင်သည်။ မက္ကဒေးမီးယားအစေ့တွင် ကျန်းမာရေးအတွက် မဖြစ်မနေရှိရန်လိုအပ်သော ဗီတာမင်အေ၊ ဘီ၀မ်း၊ ဘီတူး၊ ဗီတာမင်ဘီသရီးနှင့် မရှိမဖြစ်လိုအပ်သော ကယ်လ်စီယမ်၊ သံဓာတ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ်တို့ပါဝင်သည်။ မက္ကဒေးမီးယားအစေ့သည် များစွာသောရောဂါများကို ကာကွယ်ပေးနိုင်ပြီး ကင်ဆာရောဂါများကို တားဆီးပေးနိုင်သည်ထိ ထူးခြားသော ဂုဏ်သတ္တိပါဝင်သည့်အစေ့မျိုးဖြစ်သည်။

**မက္ကဒေးမီးယားအစေ့၏ အကျိုးကျေးဇူးများ**

မက္ကဒေးမီးယားအစေ့ကိုစားခြင်းဖြင့် ကိုယ်အလေးချိန်လျော့ကျစေနိုင်ခြင်း၊ အူလမ်းကြောင်းကျန်းမာရေးကိုကောင်းမွန်စေခြင်းနှင့်ဆီးချို၊ သွေးချို၊ နှလုံးရောဂါဖြစ်ပွားနိုင်ခြင်းကို ကာကွယ်ပေးနိုင်သည်။ သွေးလည်ပတ်မှုဆိုးကျိုးကိုဖြစ်စေသော သွေးတွင်းအဆီဓာတ်(ကိုလက်စထရော)ကို လျော့ကျစေသောကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက် အိုမီဂါ-၃(Omega 3) ပါဝင်သောကြောင့် ကလေးသူငယ်များ ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေသည်။ သွေးတိုး၊ ဆီးချိုရှိသူများလည်း သုံးဆောင်နိုင်သည်။ မက္ကဒေးမီးယားအစေ့ကို အမှုန့်ပြုလုပ်၍ အသက်ရှစ်လအထက်ကလေးငယ်များအတွက် ဖြည့်စွက်စာတွင်ထည့်သွင်းကျွေးမွေးလျှင် ကလေးငယ်များဉာဏ်ရည်ထက်မြက်ခြင်း၊ ဝမ်းမချုပ်ခြင်း၊ အစာခြေစနစ်ကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

မက္ကဒေးမီးယားအစေ့တွင် ကျန်းမာရေးအတွက် မဖြစ်မနေလိုအပ်သည့် ဗီတာမင်ဓာတ်များစွာပါဝင်သဖြင့် အာဟာရဓာတ်များမဆုံးရှုံးစေရန်အတွက် အပူပေးပြီး လှော်စားပါက အနံ့မွှေးပျံ့၍ အရသာရှိသည်။ မက္ကဒေးမီးယားအစေ့သည် ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်စစ်(Amino Acid) နှင့် သွေးထဲတွင် ကိုလက်စထရောဖြစ်ပေါ်မှုကို အားမပေးသော မပြည့်ဝအဆီ(Polyunsaturated Fat)များဖြစ်သည့် အိုမီဂါ-၃(Omega 3)၊ အိုမီဂါ-၆ (Omega 6)တို့ပါဝင်သောကြောင့် အခြားသော အစေ့အဆန်များထက် ပို၍အာဟာရသက်ရောက်မှုရှိသည်။ မက္ကဒေးမီးယားအစေ့ကို လှော်ထားခြင်းဖြင့် ကြာရှည်အထားခံပြီး အဆီဓာတ်များကို ထိန်းထားနိုင်သည်။

သို့ရာတွင် မက္ကဒေးမီးယားအစေ့ကို အထိန်းအကွပ်မဲ့စားသုံးပါက ကိုယ်အလေးချိန်ကို ထိန်းနိုင်မည်မဟုတ်ပေ။ သို့သော်လည်း တချို့သောသုတေသနပညာရှင်များ၏အဆိုအရ အဆီများသောအစေ့အဆန်များနှင့် ထောပတ်သီးကဲ့သို့ အသီးများကို စားသုံးခြင်းဖြင့် ဗိုက်ပြည့်သလိုခံစားရ၍ အစားအစာများထပ်မံမစားနိုင်သောကြောင့် ကိုယ်အလေးချိန်ကို လျော့ကျစေနိုင်ကြောင်း တွေ့ရသည်ဟုဆိုထားသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် နေ့စဉ်ပုံမှန် မက္ကဒေးမီးယားအစေ့ ခြောက်စေ့မှ အစေ့ ၂၀ ထိ သင့်တင့်မျှတစွာစားသုံးသင့်သည်ဟု မှတ်သားရသည်။

**မက္ကဒေးမီးယားအဆီ၏ ကျန်းမာရေး**

မက္ကဒေးမီးယားအဆီသည် နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ နှလုံးရောဂါနှင့် အဝလွန်ရောဂါဖြစ်စေသော Triglyceride Level ကို လျော့ကျစေခြင်း၊ စွမ်းအင်ကိုတိုးပွားစေခြင်း၊ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ အစာအာဟာရကို ကောင်းစွာ မရယူနိုင်၍ အူသိမ်များပျက်စီးစေသောရောဂါဖြစ်ခြင်းတို့ကို ကာကွယ်ကူညီပေးသည်။ ထို့ပြင် အရိုးကျန်းမာရေးကို တိုးတက်စေခြင်း၊ သွေးလည်ပတ်မှုကို ကောင်းစေခြင်း၊ မျက်လုံးကျန်းမာရေးကိုကာကွယ်ပေးခြင်း၊ နာတာရှည်ရောဂါကာကွယ်ပေးခြင်း၊ ရောဂါခုခံရေးစနစ်ကို ပိုမိုကောင်းစေခြင်းနှင့် အသားအရေကို ကျစ်လျစ်တင်းရင်းလှပစေပြီး အိုမင်းရင့်ရော်မှုကိုလျော့ကျစေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများရရှိစေနိုင်သည်။

မက္ကဒေးမီးယားအဆီသည် သွေးတွင်းရောဂါဖြစ်စေသည့် ဆိုးကျိုးကိုဖြစ်စေသော ကိုလက်စထရောများကို လျော့ကျစေခြင်းကြောင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်စေခြင်းတို့ကို ကာကွယ်ပေးသည့်

**❖မက္ကဒေးမီးယားအစေ့သည် အရသာပြည့်စုံသည့်အပြင် ကင်ဆာကိုကာကွယ်နိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ လုံလောက်စွာပါဝင်သည်။ ထို့ပြင် ကိုယ်ခန္ဓာအားအင်ပြည့်စေသော ကစီဓာတ်များ၊ အစာခြေစနစ်အတွက် အထောက်အကူပြုသော အမျှင်ဓာတ်များ၊ အသားဓာတ်များပေါကြွယ်ဝသည့်အပြင် ကိုယ်ခန္ဓာကိုအကျိုးပြုသည့် သတ္တုဓာတ်များလည်းပါဝင်သည်။ မက္ကဒေးမီးယားအစေ့တွင် ကျန်းမာရေးအတွက် မဖြစ်မနေရှိရန်လိုအပ်သော ဗီတာမင်အေ၊ ဘီ၀မ်း၊ ဘီတူး၊ ဗီတာမင်ဘီသရီးနှင့် မရှိမဖြစ်လိုအပ်သော ကယ်လ်စီယမ်၊ သံဓာတ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ်တို့ပါဝင်သည်။ ❖**

ကျန်းမာရေးအထောက်အကူပြု အဆီဖြစ်သည်။ အခြား နှလုံးကျန်းမာရေးကောင်းစေသော သံလွင်ဆီနှင့် အာဟာရပြည့်ဝသောထောပတ်ဆီတို့နှင့်နှိုင်းယှဉ်ပါက မက္ကဒေးမီးယားအစေ့ဆီတွင် Monounsaturated Fat ပါဝင်မှု ရာခိုင်နှုန်းပိုများသည်။ အစေ့သင့်ပမာဏစားရုံမျှဖြင့် ကိုယ်ခန္ဓာအတွက်လိုအပ်သော ဟော်မုန်းများနှင့်ပဋိဇီဝဖြစ်စဉ်များတွင် အဓိကကျန်းမာစေနိုင်သော Palmatic Acid ဟုခေါ်သော ပြည့်ဝအဆီပါဝင်သည်။ ၎င်းအဆီသည် ကိုယ်ခန္ဓာ အရေပြားကို နူးညံ့ချောမွေ့စေပြီး ရောင်ရမ်းမှုကို လျော့ကျစေသည်။ မက္ကဒေးမီးယားအဆီသည် နူးညံ့ပျော့ပျောင်းစေသောဂုဏ်သတ္တိနှင့် စွဲမြဲစေသော အမွှေးရနံ့တို့ကြောင့် ကြော်လှော်ချက်ပြုတ်ရာနှင့် အလှအပပစ္စည်းများတွင် အသုံးပြုကြသည်။ လတ်ဆတ်သောအသီးအစေ့တွင် သကြားဓာတ် ၄ ဒသမ ၆ ရာခိုင်နှုန်းအထက်ပါဝင်၍ အစေ့တွင်မပြည့်ဝသောအဆီ အဓိကပါဝင်သည်။

**မက္ကဒေးမီးယားအစေ့ကို အဆာပြေမျှတစွာစားပါ**

အစေ့အဆန်များကို အဆာပြေမျှတစွာစားခြင်း အလေ့အကျင့်သည် ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေသည်။ အာဟာရနှင့်ပြည့်စုံသော မက္ကဒေးမီးယားအစေ့အဆန်သည် ကျန်းမာရေးအတွက် အထောက်အကူများဖြစ်စေသော်လည်း အထူးသဖြင့် နှလုံးကျန်းမာရေးကောင်းစေသော်လည်း လွန်ကဲစွာစားသုံးပါက အချို့သူများတွင် ကိုလက်စထရောကို တိုးစေနိုင်သည်။ မက္ကဒေးမီးယားအစေ့ကို စားသုံးကြသူတချို့တွင် ဓာတ်မတည့်မှုဖြစ်စေတတ်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများဖြစ်စေနိုင်သည်။ အစေ့အဆန်များ၏ ဓာတ်မတည့်မှုကြောင့် အသက်ဆုံးရှုံးနိုင်သည်ထိဖြစ်စေတတ်သည်။ အစေ့အဆန်များနှင့် ဓာတ်မတည့်တတ်သူများအနေဖြင့် မက္ကဒေးမီးယားအစေ့ကို လုံးဝရှောင်ရှားသင့်သည်။

မက္ကဒေးမီးယားအစေ့သည် ကင်ဆာဆဲလ်များကို ခြေဖျက်နိုင်စွမ်းရှိပြီး အထူးသဖြင့် ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ဆီးကျိတ်ကင်ဆာဖြစ်ခြင်းမှ ဟန့်တားရန်အတွက်လည်း မက္ကဒေးမီးယားကို ဆေးပညာရပ်များတွင် အသုံးပြုနေကြသည်။ ထို့ပြင် သက်ကြီးပိုင်းများတွင် အဖြစ်များသော အယ်ဇိုင်းမားရောဂါ၊ ပါကင်ဆန်ရောဂါ၊ ဦးနှောက်ပိုင်းဆိုင်ရာရောဂါများကို ကာကွယ်ရန်အတွက်လည်း အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရသည်။ ကျန်းမာစွာဖြင့် ကိုယ်ခန္ဓာအလေးချိန်(ဝိတ်) ကျလိုသူများ၊ ဝိတ်ထိန်းလိုသူများအနေဖြင့်လည်း မက္ကဒေးမီးယားအစေ့ကို စားသုံးပေးသင့်သည်။ ကျန်းမာရေးအတွက် အထောက်အကူပြုအစားအစာအဖြစ် နေ့စဉ်ပုံမှန် မက္ကဒေးမီးယားအစေ့ ခြောက်စေ့မှ အစေ့ ၂၀ (၃၀ ဂရမ်)ထိ စားသုံးသင့်သည်။

အာဟာရပြည့်ဝအနှစ်သာရရှိသော မက္ကဒေးမီးယားအသီးအစေ့ကို "တန်ဆေးလွန်ဘေး"ဆိုစကားနှင့်အညီ ကျန်းမာရေးအသိသတိနှင့်ယှဉ်ပြီး မိမိနှင့်မိမိ၏ မိသားစုဝန်းကျင်အသိုင်းအဝိုင်းအတွက် ဆေးအဖြစ်၊ အာဟာရအဖြစ် ဂရုပြုစားသုံးကြသင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၇၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၇၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၀၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၁၇၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါး စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြား သီးနှံတွေကိုလဲ စိုက်ပျိုးကြပါတယ်။ အခုနှစ်မှာ နှမ်း၊ ပဲစင်းငုံ အပါအဝင် အခြားသီးနှံစုံ ၂၀၁၂ ဧကကို လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိသီးနှံတွေ လျာထားဧကအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက ဒေသနဲ့ကိုက်ညီပြီးအထွက်နှုန်းကောင်း၊ ဈေးကောင်းတဲ့သီးနှံတွေကို အဓိက စိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးပြီးဖြစ်သည့် မိုးသီးနှံစုံ ၁၇၉၆ ဧကတွင် ဖူးစားပြောင်း ၄၂၇ ဧက၊ နှမ်း ၃၅ ဧက၊ ပဲစင်းငုံ ၅၂ ဧက၊ ငရုတ် ၃၇၆ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၉၀၆ ဧကတို့ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဖာပွန် အောက်တိုဘာ ၁၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ရည်ရွယ်၍ ကမမောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်တာဝန်ရှိသူများက ကမမောင်းကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ လက်တူးတွင်း တူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကမမောင်းကျေးရွာ၌ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၉၄ သန်းဖြင့် အကျယ် ခြောက်ပေ၊ အနက် ပေ ၄၀ ရှိ လက်တူးတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ နှစ်လက်မ PVC ပိုက် ပေ ၂၀၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကမမောင်းကျေးရွာရှိ အိမ်ခြေ ၅၂၈ အိမ်မှ လူဦးရေ ၂၉၂၆ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်**

## မျိုးချစ်စိတ်

\- ကိုယ့်မြေမှာ ကိုယ်မွေးဖွား
မြန်ပြည်သား တို့တစ်တွေ၊
စည်းလုံးစွာ ညီညွတ်အားနဲ့
ကြိုးစားမယ်လေ၊
ဘိုးဘွားတို့ လက်ကမ်းအမွေ
မျိုးနွယ်ဆွေ အတူတကွ၊
ကိုယ့်နိုင်ငံ ကိုယ့်လက်ထက်
မျိုးဂုဏ်အစွမ်းပြ။

\- အချင်းချင်းကို ဖေးကူမ
အေးအတူပူတကွ စိတ်ချင်းတူ၊
နိုင်ရာဝန် ကိုယ်စီထမ်း
ပင်ပန်းမပူ၊
ဇွဲလုံ့လ အားမာန်ထု
စိတ်ထားဖြူ ကိုယ်ယဉ်ကျေး၊
ပြောဆိုရာ ဆိုစကား
နှုတ်ဖျားချိုပေး။

\- အတ္တတွေ ရှောင်ခွာအဝေး
မေတ္တာဆေး တိုက်ကျွေးမယ်၊
ကိုယ့်နိုင်ငံ ပြည်အကျိုး
ထမ်းပိုးရွက်သယ်၊
မြန်ပြည်က ကမ္ဘာ့အလယ်
ထည်ဝါစွာ ထွန်းလင်းတောက်၊
အမျိုးမာန် မျိုးချစ်တရားနဲ့
ကြိုးစားဆက်လျှောက်။ ။

**ချစ်သက်(မြန်မာစာ)**


**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## (၁၆)ကြိမ်မြောက် ဘရစ်အုပ်စုထိပ်သီးညီလာခံ တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်မည်



**ပေကျင်း အောက်တိုဘာ ၁၈**

အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ရုရှားနိုင်ငံ ကာဇန်မြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် ဘရစ်အုပ်စု ထိပ်သီးညီလာခံသို့ တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ ကာဇန်မြို့ခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်သည် ဘရစ်အုပ်စုခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူ ပညာရှင်များ၏ ဆွေးနွေးပွဲများ၌ ပါဝင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ဘရစ်အုပ်စု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကိုမြှင့်တင်ရေး၊ဖွံ့ဖြိုးဆဲနိုင်ငံများညီညွတ်ရေးနှင့် ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်နိုင်ရေးတို့ကို အားပေးမြှင့်တင်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

(၁၆)ကြိမ်မြောက် ဘရစ်အုပ်စု ထိပ်သီးညီလာခံသို့ မူလအဖွဲ့ဝင်ငါးနိုင်ငံနှင့် အီရန်၊ အီသီယိုးပီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် အီဂျစ်နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။

ဘရစ်အုပ်စုကို ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့က ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(၁၆)ကြိမ်မြောက် ဘရစ်အုပ်စု ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအနေဖြင့် နိုင်ငံတကာပြဿနာများကို အဓိကထား ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နျူကလီးယားဒုံးကျည်တပ်ဖွဲ့တိုက်ပွဲဝင် အသင့်အနေအထားစမ်းသပ်မှု ရုရှားပြုလုပ်

**မော်စကို အောက်တိုဘာ ၁၈**

ယားစ်အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်များ တပ်ဆင်ထားသည့် ဒုံးကျည်တပ်များ၏ တိုက်ပွဲဝင် အသင့်အနေအထားရှိမှုကို မော်စကိုမြို့ အနောက်မြောက်ဒေသ၌ စမ်းသပ်နေကြောင်း ရုရှား ကာကွယ်ရေး ဝန်ကြီးဌာနက အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယားစ်တိုက်ချင်းပစ်ဒုံးကျည်များသည် မြေအောက်ဒုံးပစ်ကျင်းများ သို့မဟုတ် ယာဉ်တင်ဒုံးပစ်လောင်ချာများဖြင့် ပစ်လွှတ်နိုင်သော တိုက်ချင်းပစ်ဒုံးကျည်များဖြစ်သည်။

ယားစ် တိုက်ချင်းပစ်ဒုံးကျည်များသည် နျူကလီးယားထိပ်ဖူးအများအပြား သယ်ဆောင်၍ အကွာအဝေးကီလိုမီတာ ၁၁၀၀၀ ထိပျံသန်းကြောင်း ရုရှားတပ်မတော်၏အဆိုအရ သိရသည်။

ရုရှားတပ်မတော်သည် ယခုနှစ်အတွင်း နျူကလီးယားတပ်များ စစ်ရေးလေ့ကျင့်မှုများကို ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့ရာ ယူကရိန်းစစ်ပွဲ၌ အနောက်အုပ်စုပိုမိုကြားဝင်လာမှုကို တားဆီးရန် ရည်ရွယ်သည့်လေ့ကျင့်မှုများဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယားစ် တိုက်ချင်းပစ်ဒုံးကျည်တပ်များ လေ့ကျင့်မှုကို တီဗာဒေသ၌ ပြုလုပ်နေခြင်းဖြစ်ပြီး ယားစ်ဒုံးကျည်စနစ်များကို ၆၂ မိုင်ထိ နေရာရွှေ့ပြောင်းခြင်း၊ ရန်သူ့လေကြောင်း တိုက်ခိုက်မှုမှ ကာကွယ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားနှင့် အနောက်အုပ်စုတို့ကြား ဆက်ဆံရေးမှာ ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ အဆိုးရွားဆုံး အဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : KKO

## အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးတစ်ခုတွင် ဟားမတ်စ်ခေါင်းဆောင် ယာယာစင်ဝါသေဆုံး



**ဂျေရုဆလင် အောက်တိုဘာ ၁၈**

ဂါဇာကမ်းမြောင်တောင်ပိုင်း၌ အစ္စရေးတပ်များက အောက်တိုဘာ ၁၆ ရက်တွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေး တစ်ခုအတွင်း ဟားမတ်စ်အုပ်စု ခေါင်းဆောင် ယာယာစင်ဝါ သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အသက် ၆၂ နှစ်ရှိ ဟားမတ်စ်အုပ်စုခေါင်းဆောင် ယာယာစင်ဝါကို ၂၀၂၃ ခုနှစ် အောက်တိုဘာ၇ ရက်တိုက်ခိုက်မှုအား ကြိုးကိုင်ခဲ့သူအဖြစ် အစ္စရေးတပ်မတော်က စွပ်စွဲထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အုပ်စုဝင်များသည် အစ္စရေးတောင်ပိုင်းနယ်စပ်မြို့များကို အလစ်အငိုက်ဝင်တိုက်ခဲ့ရာ လူပေါင်း ၁၂၀၀ ကျော်သေဆုံးခဲ့ရပြီး အစ္စရေးနိုင်ငံအတွက် သမိုင်းတစ်လျှောက် အသေအပျောက်အများဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ဟားမတ်စ်ခေါင်းဆောင် ယာယာစင်ဝါကို ရှင်းလင်းနိုင်ခဲ့ခြင်းဖြင့် အောက်တိုဘာ ၇ ရက် ရန်ကြွေးကို ချေနိုင်ခဲ့ပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အောက်တိုဘာ ၁၇ရက်တွင် ကြေညာခဲ့သည်။

ဟားမတ်စ် ခေါင်းဆောင် ယာယာစင်ဝါ သေဆုံးမှုကြောင့် ဂါဇာကမ်းမြောင်စစ်ပွဲကို မြန်မြန်ဆန်ဆန်အဆုံးသတ်ရေးအတွက် အခွင့်အရေးများပေါ်ထွက်လာနိုင်ကြောင်းလေ့လာသူများကသုံးသပ်ထားသည်။

လက်ရှိအချိန်တွင် ဟားမတ်စ်ခေါင်းဆောင် ယာယာစင်ဝါနှင့် ပတ်သက်၍ ဟားမတ်စ်အုပ်စုက တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲအတွက် အင်ဒိုနီးရှားရဲတပ်ဖွဲ့ လုံခြုံရေးမြှင့်တင်

**ဂျကာတာ အောက်တိုဘာ ၁၈**

သမ္မတသစ်ကျမ်းသစ္စာ ကျိန်ဆိုပွဲမကျင်းပမီ အင်ဒိုနီးရှား တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က ဂျကာတာမြို့၌ ယနေ့မှစ၍ လုံခြုံရေးစတင်မြှင့်တင်ခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တို၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အင်အားအနည်းဆုံး ၁၀၀၀၀၀ ကို အင်ဒိုနီးရှားတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က ဂျကာတာမြို့တစ်ဝန်း စတင်ဖြန့်ကြက်နေပြီဖြစ်သည်။

အင်ဒိုနီးရှား လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည့် နိုင်ငံတကာ ခေါင်းဆောင်များ၏ လုံခြုံရေးကိုလည်း တာဝန်ယူရမည်ဖြစ်သည်။

အင်ဒိုနီးရှား ကာကွယ်ရေး ဝန်ကြီး ပရာဘိုဝို၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံတို့မှ အကြီးအကဲများ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်ငံတကာခေါင်းဆောင်များ လိုက်ပါလာမည့်လေယာဉ်များလုံခြုံရေးအတွက်လည်း အင်ဒိုနီးရှားလေတပ်က အက်ဖ်-၁၆ တိုက်လေယာဉ်လေးစင်းစေလွှတ်ဖြန့်ကြက်ထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## တူကီယဲ၌ ခရီးသည်တင်ဘတ်စကားတစ်စီးတိမ်းမှောက် ဂျပန်ခရီးသွား ၂၂ ဦး ဒဏ်ရာများရရှိ

**အင်ကာရာ အောက်တိုဘာ ၁၈**

ဂျပန်ခရီးသွားဧည့်သည်များ လိုက်ပါလာသည့် ဘတ်စကား တစ်စီးသည် တူကီယဲနိုင်ငံ အနောက်ပိုင်း၌အောက်တိုဘာ ၁၇ ရက်တွင် လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့်ဂျပန်ခရီးသွား၂၂ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တူကီယဲပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဘတ်စကားတိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူများထဲတွင် အသက်အန္တရာယ် စိုးရိမ်ရသူမရှိကြောင်း တူကီယဲနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ယာဉ်မတော်တဆမှုသည် အက်ဖ်ယွန်ကာရာဟီဆာ ပြည်နယ် အဝေးပြေးလမ်းတစ်ခုပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင်ဘတ်စကား တိမ်းမှောက်ရခြင်း၏ နောက်ခံအကြောင်းရင်းကို တူကီယဲရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

တူကီယဲနိုင်ငံ၌ ၂၀၂၃ ခုနှစ် အတွင်း ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၃၅၇၇၁ဦးထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမျိုးသားမြေကမ္ဘာလေ့လာရေးစနစ်အတွက် ပဥ္စမမြောက် ကိုးဖန်-၁၂ (၀၅)ဂြိုဟ်တုကို တရုတ် လွှတ်တင်ခဲ့



**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အမျိုးသားမြေကမ္ဘာ လေ့လာရေးစနစ်အတွက် ပဥ္စမမြောက်ဂြိုဟ်တုဖြစ်သည့် ကိုးဖန်-၁၂ (၀၅)ဂြိုဟ်တုကို အောက်တိုဘာ ၁၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုကို လောင်းမတ်ချ်-၄ စီ ဒုံးပျံဖြင့် ဂိုဟီသဲကန္တာရဒေသ ချိကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ စီ ဒုံးပျံသည် ကိုးဖန်-၁၂ (၀၅) ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၆၃၀ အကွာရှိပတ်လမ်း၌နေရာယူပြီး အခြား ကိုးဖန်-၁၂ ဂြိုဟ်တုလေးစင်းနှင့် ကွန်ရက်ဖွဲ့၍ မြေကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြုလုပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အမျိုးသားမြေကမ္ဘာ လေ့လာရေးစနစ်အတွက် ပထမဆုံး ကိုးဖန်-၁၂ ဂြိုဟ်တုကို ၂၀၁၃ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့သည်။

အောက်တိုဘာ ၁၆ ရက် ကိုးဖန်-၁၂ (၀၅) မစ်ရှင်သည် တရုတ်နိုင်ငံအတွက် ယခုနှစ်၏ ၄၀ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူးများပို့ဆောင်ရေး Space-X ကုမ္ပဏီ၏ အာကာသလူသယ်ယာဉ်များကိုသာ အသုံးပြုမည်

**ဝါရှင်တန် အောက်တိုဘာ ၁၈**

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)သည် Space-X ကုမ္ပဏီ၏အာကာသလူသယ်ယာဉ်များကိုသာ အသုံးပြုမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာ အာကာသစခန်းသို့ Crew-10 နှင့် Crew-11 မစ်ရှင်များကို လွှတ်တင်ရာတွင် မစ်ရှင်နှစ်ခုလုံးအတွက် Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ကိုသာ အသုံးပြုမည်ဖြစ်သည်ဟု နာဆာအဖွဲ့က ကြေညာထားကြောင်း သိရသည်။

မူလက နာဆာအဖွဲ့သည် ၂၀၂၅ ခုနှစ် အာကာသမစ်ရှင်များအတွက် ဘိုးရင်းကုမ္ပဏီ၏ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အသုံးပြုရန် မျှော်မှန်းထားကြောင်း သိရသည်။



သို့ရာတွင် ယခုနှစ် ဇွန်လအတွင်း လွှတ်တင်ခဲ့သည့်စမ်းသပ်မစ်ရှင်၌ စတားလိုင်နာအာကာသလူသယ်ယာဉ် ပြဿနာများကြောင့် အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာ အာကာသစခန်း၌ သောင်တင်ခဲ့ရပြီးနောက် ၂၀၂၅ ခုနှစ် မစ်ရှင်များအတွက် Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်များကိုသာ သုံးစွဲရန် နာဆာက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်များကို နိုင်ငံတကာ အာကာသစခန်းများ၌ အသုံးပြုနိုင်ရေးအတွက် စမ်းသပ်ပျံသန်းမှုများ ထပ်မံပြုလုပ်ရန် နာဆာအဖွဲ့က ဘိုးရင်းကုမ္ပဏီကို တောင်းဆိုနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်က ပထမဆုံးဓာတ်ပုံများအဖြစ် ကမ္ဘာဂြိုဟ်နှင့်ဂြိုဟ်ရံလတို့ကို ဓာတ်ပုံများရိုက်ကူးခဲ့

**ပဲရစ် အောက်တိုဘာ ၁၈**

ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်သည် လွှတ်တင်ပြီးနောက်ပိုင်း ပထမဆုံး ဓာတ်ပုံများအဖြစ် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့ကို ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဟီရာအာကာသယာဉ်သည် လွှတ်တင်ပြီးနောက် ဒီမောဖော့စ် အမည်ရှိ ဂြိုဟ်သိမ်ရှိရာကိုဦးတည်ပျံသန်းနေစဉ် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့ကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ဟီရာ အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲမှု နည်းပညာစမ်းသပ်ရေး အစီအစဉ်အရ ၂၀၂၂ ခုနှစ်တွင် DART အမည်ရှိ အာကာသယာဉ်နှင့် ပြင်းထန်စွာဝင်တိုက်ခဲ့သော ဂြိုဟ်သိမ်ဖြစ်သည်။

ဟီရာ အာကာသယာဉ်သည် DART အာကာသယာဉ်ဝင်တိုက်ပြီး နောက်ပိုင်း ပေါ်ထွက်လာသည့် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ အပြောင်းအလဲများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဟီရာအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် အောက်တိုဘာ ၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အဝလွန်မှုနှင့်ရင်သားကင်ဆာကြားဆက်စပ်မှု ယခင်ထင်ထားသည်ထက် ပို၍အားကောင်းနိုင်

**မက်ဒရစ် အောက်တိုဘာ ၁၈**

အမျိုးသမီးများတွင် အဝလွန်မှုပြဿနာနှင့် ရင်သားကင်ဆာဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမှာ ယခင် တွေးထင်ထားသည်ထက် ပို၍ အားကောင်းနိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

ဓမ္မတာရာသီပြီးဆုံးပြီး အမျိုးသမီးများကြား Hormone – Positive ရင်သားကင်ဆာ ခေါ်ရင်သားကင်ဆာပုံစံတစ်မျိုးဖြစ်ပွားမှုများ၏ ၄၀ ရာခိုင်နှုန်းမှာ ကိုယ်တွင်းအဆီဓာတ်စုစည်းမှု လွန်ကဲခြင်း ပြဿနာနှင့် ဆက်စပ်နေကြောင်း စပိန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများကြား ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းနှင့် အဝလွန်မှုကြား ဆက်စပ်မှုရာနှုန်းမှာ မူလခန့်မှန်းထားသည်ထက် ပို၍ မြင့်မားကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

ရှေးယခင်က ရင်သားကင်ဆာဖြစ်ပွားမှု ၁၀ ခုတွင် တစ်ခုသာ အဝလွန်မှုပြဿနာနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း ဆေးပညာရှင်များက လက်ခံထားသည်။

စပိန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာလူနာအမျိုးသမီး ၁၀၂၂ ဦးနှင့် ၎င်းရောဂါမရှိသူ ၁၀၄၃ ဦးတို့၏ ကိုယ်တွင်းအဆီဓာတ်စုစည်းမှုပမာဏကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

စပိန်သုတေသနပညာရှင်များသည် ၎င်းတို့၏လေ့လာစမ်းသပ်မှု၌ ကိုယ်တွင်းအဆီစုစည်းမှုကို တိုင်းတာရာတွင် ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်းစနစ် (BMI)ထက်ပို၍ တိကျသည့် CUN-BAE အမည်ရှိ စနစ်ကို အသုံးပြုခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## သားအိမ်ကင်ဆာရောဂါကုထုံးသစ်က လူနာများအသက်ရှင်နိုင်မှုကာလကို မြှင့်တင်နိုင်

**လန်ဒန် အောက်တိုဘာ ၁၈**

လက်ရှိ ကုထုံးများကိုပေါင်းစပ် အသုံးပြုထားသည့် သားအိမ်ကင်ဆာရောဂါ ကုထုံးသစ်တစ်မျိုးသည် လူနာများအသက်ရှင်သန်နိုင်မှုကာလကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သားအိမ်ကင်ဆာကို ပုံမှန်ကုထုံးများမပေးမီ ဓာတုကုထုံးဖြင့် အားဖြည့်ပေးပါက လူနာများအသက် ဆက်လက်ရှင်သန်နိုင်သည့် ကာလမှာ ၄၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်။

ထို့ပြင် ပုံမှန်ကုထုံးများမပေးမီ ဓာတုကုထုံး အားဖြည့်ထားခြင်းဖြင့် သားအိမ်ကင်ဆာ လူနာများ၌ ရောဂါတစ်ကျော့ ပြန်ပေါ်လာနိုင်ခြေမှာလည်း ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ အထက်ပါကုထုံးပုံစံသစ်မှာ သားအိမ်ကင်ဆာရောဂါလူနာများအတွက် စံမီကုထုံးပုံစံတစ်ရပ်ဖြစ်လာနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သားအိမ်ကင်ဆာ ရောဂါကို ကုသရာတွင် ဓာတုကုထုံးနှင့် ဓာတ်ရောင်ခြည် ကုထုံးနှစ်မျိုး ပေါင်းထားသည့် ဓာတုဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသလေ့ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# လုပ်ခလစာအများဆုံး ၁၀ ဦးစာရင်းတွင် ပရီးမီးယားလိဂ်မှ သုံးဦးသာပါဝင်

**လန်ဒန် အောက်တိုဘာ ၁၈**

ကမ္ဘာ့ဘောလုံး လောကတွင် ပရီးမီးယားလိဂ်မှ ကစားသမားများသည် လုပ်ခလစာကောင်းသည့် ကစားသမားများဖြစ်ပြီး ကစားသမားတစ်ဦးချင်း၏ တစ်ပတ်ပျမ်းမျှလုပ်ခလစာမှာ ၅၀၀၀၀ ထိရှိသော်လည်း လက်ရှိ ကမ္ဘာ့ လုပ်ခလစာ အများဆုံးကစားသမား ၁၀ ဦးစာရင်းတွင် သုံးဦးသာ ပါဝင်နေကြောင်း သိရသည်။

လက်ရှိကမ္ဘာ့ဘောလုံးလောကတွင် လုပ်ခလစာအများဆုံးကစားသမားများမှာ ဆော်ဒီပရိုလိဂ်မှ တိုက်စစ်မှူး စီရော်နယ်ဒိုက ကွင်းအတွင်း၊ ကွင်းပြင်ပဝင်ငွေ စတာလင်ပေါင် ၂၁၉ ဒသမ ၁ သန်းဖြင့် အဆင့်(၁)၊ အမေရိကန်မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းမှ တိုက်စစ်မှူး မက်ဆီက ကွင်းအတွင်း၊ကွင်းပြင်ပဝင်ငွေ စတာလင်ပေါင် ၁၀၃ ဒသမ ၈ သန်းဖြင့် အဆင့်(၂)၊ ဆော်ဒီပရိုလိဂ် အယ်ဟိုင်လာအသင်းမှ နေမာက ဝင်ငွေ စတာလင်ပေါင် ၈၄ ဒသမ ၆ သန်းဖြင့် အဆင့်(၃)၊ အယ်အီသီဟတ်အသင်းမှ တိုက်စစ်မှူး ဘင်ဇီမားက စတာလင်ပေါင် သန်း ၈၀ ဖြင့် အဆင့်(၄)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီက စတာလင်ပေါင် ၆၉ ဒသမ ၂ သန်းဖြင့် အဆင့်(၅) နေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့နောက် ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းမှဟာလန်းက စတာလင်ပေါင် ၄၆ ဒသမ ၂ သန်းဖြင့် အဆင့်(၆)၊ လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်က စတာလင်ပေါင် ၄၂ ဒသမ ၃ သန်းဖြင့် အဆင့်(၇)၊ ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလာဟ်က စတာလင်ပေါင် ၄၀ ဒသမ ၇ သန်းဖြင့် အဆင့်(၈)၊ အယ်နာဆာအသင်းမှ မာနေးက စတာလင်ပေါင် သန်း ၄၀ ဖြင့် အဆင့် (၉)၊ မန်စီးတီးမှ ကွင်းလယ်ကစားသမား ဒီဘရိုင်းက စတာလင်ပေါင် သန်း ၃၀ ဖြင့် အဆင့် (၁၀) တွင် အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

Ref : 90 Min

Trs : ML

# ပရီးမီးယားလိဂ် ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

ML

ဝုဖ် Vs မန်စီးတီး

ကစားမည့်ရက်/အချိန် (၂၀-၁၀-၂၀၂၄ ည ၀၇:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်စီးတီး ၅ - ၁ ဝုဖ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| မန်စီးတီး | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

ဝုဖ်အသင်းဟာ ပရီးမီးယားလိဂ်မှာ နိုင်ပွဲပျောက်ဆုံးနေပြီး ခံစစ်ပိုင်းကလဲ ပေးဂိုး ၂၁ ဂိုးထိရှိနေတာကြောင့် အခုပွဲမှာ မန်စီးတီးကို ထိန်းချုပ်ဖို့ ခက်အုံးမှာပါ။ လက်ရှိချန်ပီယံ မန်စီးတီးကတော့ ဒီဘရိုင်းမပါနိုင်ပေမဲ့ အရန်ကစားသမားစုဖွဲ့မှုကောင်းနေပြီး ဟာလန်းကလဲ ဂိုးသွင်းခြေစွမ်း ထက်မြက်နေတာကြောင့် အခုပွဲမှာ ဝုဖ်အသင်းကို နိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ် - ဝုဖ် ၁ - ၃ မန်စီးတီး

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက နွေရာသီအပြောင်းအရွှေ့ကာလက တိုက်စစ်မှူး ယာမယ်ကို ထိပ်သီးကလပ်အသင်းတစ်သင်းက ယူရိုသန်း ၂၅၀ ထိပေး၍ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အသင်းအနေဖြင့် ငြင်းပယ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းကိုခေါ်ယူသည့်အသင်းမှာ ပီအက်စ်ဂျီအသင်းသာဖြစ်ကြောင်း မီဒီယာများက ရေးသားဖော်ပြခဲ့သည်။
- အင်္ဂလန်အသင်းနည်းပြရာထူးအတွက် သတင်းထွက်ပေါ်ခဲ့သော်လည်း အက်ဖ်အေအနေဖြင့် တရားဝင်ကမ်းလှမ်းမှုမရှိခဲ့ကြောင်း နယူးကာဆယ်အသင်း နည်းပြဟိုဝီက ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်ယူ-၁၈ အသင်းကို တာဝန်ယူနေသည့် ကွင်းလယ်ကစားသမားဟောင်း ဝီရှိုင်းယားက ချန်ပီယံရှစ်ကလပ် နော့ဝှစ်အသင်းကို တာဝန်ယူရန် လူငယ်အသင်းနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

ML

# ဥရောပတစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုဆန်ခါတင်စာရင်းတွင် ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ကစားသမားများ ထိပ်ဆုံးမှဦးဆောင်



**မက်ဒရစ် အောက်တိုဘာ ၁၈**

ဥရောပထိပ်သီးကလပ်ငါးခုမှ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ဥရောပအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ရာ ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့မှ လူငယ်ကစားသမားများက ထိပ်ဆုံးစာရင်းတွင် ဦးဆောင်နေကြောင်း သိရသည်။

အဆိုပါဆုကို အီတလီအားကစား ဂျာနယ်ဖြစ်သည့် Tuttosport က နှစ်စဉ်ပေးအပ်ခြင်းဖြစ်ပြီး ယခုနှစ်အတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ရာ ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးယာမယ်နှင့် ခံစစ်ကစားသမား ကျူဘာစီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အက်ဒါဂူလာတို့က ထိပ်ဆုံးစာရင်းတွင် ဦးဆောင်နေကာ ၎င်းတို့နောက်တွင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား မိုင်နူး၊ ခံစစ်ကစားသမား ယိုရို၊ တောင်ပံကစားသမား ဂါနာချိုပေါ်တိုအသင်းတိုက်စစ်မှူး အိုမိုရိုဒီယွန်နှင့် အေဂျက်အသင်းကစားသမား ဟာတိုတို့က အစဉ်လိုက်ရပ်တည်နေသည်။

အသက် ၂၁ နှစ်အောက် တစ်နှစ်တာ အကောင်းဆုံးဆုကို ၂၀၂၂ ခုနှစ်က ဘာစီလိုနာကစားသမား ဂါဗီ၊ ၂၀၂၃ ခုနှစ်က ဘာစီလိုနာ ကွင်းလယ်ကစားသမား ပက်ထရီနှင့် ပြီးခဲ့သည့်နှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှဘယ်လင်ဟမ်တို့က ဆွတ်ခူးခဲ့သည်။

အဆိုပါဆုသည် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ကစားသမားတစ်ဦး၏ စွမ်းဆောင်ရည်နှင့် အသင်းပေါ်အကျိုးပြုနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်၍ ပေးအပ်ခြင်းဖြစ်ရာ တိုက်စစ်မှူး ယာမယ်သည် စပိန်အသင်းအား ယူရိုဖလားရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့သဖြင့် အကောင်းဆုံးဆုရရှိရန် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML

# ရီးရဲလ်မက်ဒရစ်က ညာတောင်ပံခံစစ်ပိုင်းပြဿနာကို ဖြေရှင်းရန် ချဲလ်ဆီးလူငယ်ကစားသမားကို ခေါ်ယူရန်ဆုံးဖြတ်

**မက်ဒရစ် အောက်တိုဘာ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း ညာတောင်ပံခံစစ်ပိုင်းတွင် ကစားနေသည့် ကာဗာဂျယ်အရွတ်ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ ချဲလ်ဆီးအသင်း လူငယ်ကစားသမား အာခီယမ်ပွန်ကို ခေါ်ယူရန် ဆုံးဖြတ်ထားသည်။

ခံစစ်ကစားသမား ကာဗာဂျယ်သည် ပြီးခဲ့သည့် နိုင်ငံတကာပြိုင်ပွဲကာလမတိုင်မီက ဗီလာရီးရဲလ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးအရွတ်ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့်ဘောလုံးရာသီကုန်ထိအနားယူရမည်ဖြစ်ပြီး အသင်းအနေဖြင့် အသက် ၃၃ နှစ်ရှိ ဗက်ကွက်ဇ်ကို ကာလတိုအသုံးပြုရန် စီစဉ်ထားသော်လည်း အနာဂတ်စီမံကိန်းအတွက် ချဲလ်ဆီးအသင်းမှ လူငယ်ကစားသမား အာခီယမ်ပွန်ကိုသာ အစားထိုးသွားရန် စီစဉ်ခဲ့သည်။

အသက် ၁၈ နှစ်ရှိလူငယ်ကစားသမား အာခီယမ်ပွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စပါးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပထမဆုံး ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် ယခုနှစ်တွင် ချဲလ်ဆီးအသင်းမှ လူငယ်ကစားသမားများထဲတွင် ခြေစွမ်းပြသနိုင်သည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး စက်တင်ဘာလက ဘာရီးအသင်းနှင့် ကစားခဲ့သည့် ကွာရာဘောင်းဖလားပြိုင်ပွဲတွင် စီနီယာအသင်းကြီးနှင့် ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

၎င်းကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်း၊ လီဗာပူးအသင်း၊ နယူးကာဆယ်အသင်းတို့ကလည်း စိတ်ဝင်စားနေပြီး ပီအက်စ်ဂျီအသင်းနှင့် ဒေါ့မွန်အသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက လူငယ်ကစားသမားကို အမြန်ဆုံးခေါ်ယူ၍ ကာဗာဂျယ်၏နေရာတွင် စမ်းသပ်အသုံးပြုနိုင်ရန် ဆုံးဖြတ်ခဲ့ပြီး ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ခံစစ်ပိုင်း လိုအပ်ချက်အတွက် လီဗာပူးအသင်းမှ အာနိုးကိုခေါ်ယူရန်စိတ်ဝင်စားသော်လည်း အသင်းနှင့် တစ်နှစ်သက်တမ်းတိုးထားသည့်ကာဗာဂျယ်ကို စိတ်ပျက်စေမည့်လုပ်ရပ်မျိုး မလုပ်လိုသောကြောင့် နွေရာသီအပြောင်းအရွှေ့ကာလမှသာ တရားဝင်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : 90 Min

Trs : ML

# မာဇရာဝီ လေ့ကျင့်ခန်းပြန်ဆင်းနိုင်သော်လည်း မက်ဂွဲယားနှင့် မိုင်နူးတို့ လာမည့်ပွဲကို လွဲချော်မည်ဟု နည်းပြတန်ဟတ်ပြောကြား

**မန်ချက်စတာ အောက်တိုဘာ ၁၈**

မန်ယူအသင်းတွင် ဒဏ်ရာရကစားသမားများဖြစ်သည့် ခံစစ်ကစားသမား မာဇရာဝီသည် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသော်လည်း လက်ရှိတွင် အသင်းနှင့် လေ့ကျင့်ခန်းပြန်ဆင်းနေသဖြင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်ဖြစ်ပြီး ခံစစ်ကစားသမား မက်ဂွဲယားနှင့် မိုင်နူးတို့မှာပါဝင်နိုင်မည်မဟုတ်သေးကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့သည်။

ခံစစ်ကစားသမား မာဇရာဝီသည် အေဗီလာအသင်းကို သရေရလဒ်ကစားခဲ့သည့် ပွဲစဉ်တွင် ပါဝင်ခဲ့ပြီးနောက် နှလုံးနှင့်ပတ်သက်သည့် အသေးစားဒဏ်ရာတစ်ခုကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရာ နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အနားယူခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာကောင်းမွန်လာသဖြင့် အသင်းနှင့် လေ့ကျင့်ခန်းပြုလုပ်လျက်ရှိပြီး ဘရန့်ဖို့ဒ်အသင်းနှင့် ကစားမည့် အသင်းလူစာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။

သို့သော် ခံစစ်ကစားသမား မက်ဂွဲယားနှင့် ကိုဘီမိုင်နူးတို့သည် အေဗီလာအသင်းနှင့် ပွဲစဉ်ပွဲချိန် ဒုတိယပိုင်းအတွင်း ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သဖြင့် လူစားလဲခဲ့ရပြီးနောက် လက်ရှိအချိန်ထိ ကြွခိုင်မှုအားနည်းနေသောကြောင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြတန်ဟတ်က တရားဝင်ပြောကြားခဲ့သည်။



မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာရကစားသမားများပြားနေမှုကြောင့် ကစားသမားဖြည့်တင်းမှုများ ထပ်မံပြုလုပ်ခဲ့သော်လည်း ခံစစ်ကစားသမား ယိုရို၊ လုပ်ခ်ရှော၊ မေဆင်မောင့်၊ ဂါနာချို၊ အာမက်အပါအဝင် ကစားသမားကောင်းများကို လက်လွှတ်ခဲ့ရမှုကြောင့် ရလဒ်ပိုင်းကောင်းမွန်ရန် ရုန်းကန်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပမည်




ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေ့(ခ်)အသင်း၊ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရေသဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားကြမည်ဖြစ်သည်။

အလားတူ အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်း၊ အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ISPEအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ အသီးသီးကစားသွားမည်ဖြစ်သည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၁ ပွဲကစားပြီး ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းကလည်း ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၈ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိကြောင်း သိရသည်။ STA

# အာရှဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၄-၂၀၂၅ ရာသီ အာရှအမျိုးသမီးကလပ်အဆင့် သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးအသင်း အဆင့် (၁၅)နေရာ၌ရပ်တည်

ရန်ကုန် အောက်တိုဘာ ၁၈

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)၏ ၂၀၂၄-၂၀၂၅ ရာသီ အာရှအမျိုးသမီး ကလပ်အဆင့် သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးအသင်းက အဆင့်(၁၅)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က အာရှအမျိုးသမီး ကလပ် အဆင့်သတ်မှတ်ချက် ထုတ်ပြန်ရာ တစ်ရာသီအတွင်း သုံးကြိမ် ထုတ်ပြန်ခြင်းဖြစ်ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ထုတ်ပြန်ခြင်းဖြစ်ကာ ကလပ်ပြိုင်ပွဲများ ကျင်းပနိုင်မှုအတွက် ၇၀ ရာခိုင်နှုန်း သတ်မှတ်ပေးပြီး နိုင်ငံတကာ ပြိုင်ပွဲများအတွက် ၃၀ ရာခိုင်နှုန်း သတ်မှတ်ကာ ရမှတ်များ သတ်မှတ်ပေးပြီး ထုတ်ပြန်ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က အာရှအမျိုးသမီး ကလပ် အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်းက ကလပ်ပြိုင်ပွဲများ ကျင်းပနိုင်မှုအတွက် ရမှတ် ၂၁သမ ၉၂မှတ်၊ နိုင်ငံတကာပြိုင်ပွဲအတွက် ၂၂သမ၅၁မှတ် စုစုပေါင်းရမှတ် ၂၅သမ၄၃မှတ်ရရှိခဲ့ပြီး အဆင့်(၁၅)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအာရှကလပ်အဆင့်သတ်မှတ်ချက် ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ဂျပန်အသင်းက အဆင့်(၁)၊ သြစတြေးလျအသင်းက အဆင့်(၂)၊ တောင်ကိုရီးယားအသင်းက အဆင့်(၃)၊ ဗီယက်နမ်အသင်းက အဆင့်(၄)၊ ယူအေအီးအသင်းက အဆင့်(၅)၊ အီရန်အသင်းက အဆင့် (၆)၊ တရုတ်အသင်းက အဆင့်(၇)၊တရုတ်(တိုင်ပေ)အသင်းက အဆင့်(၈)၊ ဖိလစ်ပိုင်အသင်းက အဆင့်(၉)၊ ထိုင်းအသင်းက အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြသည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က အာရှအမျိုးသမီးကလပ်အဆင့်သတ်မှတ်ချက်အရ အာဆီယံဇုန်တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ထိုင်း၊ မလေးရှားနှင့် မြန်မာအသင်းတို့နောက် လာအိုအသင်းက အဆင့် (၁၈)၊စင်ကာပူအသင်းက အဆင့်(၂၁)၊ အင်ဒိုနီးရှားအသင်းက အဆင့်(၂၄)၊ ကမ္ဘောဒီးယားအသင်းက အဆင့် (၂၅)၊ တီမောလက်စ်တေအသင်းက အဆင့် (၂၆)နေရာတွင် ရပ်တည်ခဲ့ကြပြီး ဘရူနိုင်းအသင်းအနေဖြင့် အဆင့်သတ်မှတ်ချက်တွင် ပါဝင်လာခြင်းမရှိခဲ့ကြောင်း သိရသည်။

STA

# ဘောလုံးသမိုင်းတစ်လျှောက် ထာဝရအကောင်းဆုံးကစားသမားဆုကို အင်တာမီယာမီအသင်းမှ မက်ဆီဆွတ်ခူး




မက်ဒရစ် အောက်တိုဘာ ၁၈

စပိန်နိုင်ငံအခြေစိုက် ထိပ်တန်းအားကစားမီဒီယာတစ်ခုဖြစ်သည့် မာကာက ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ဘောလုံးသမိုင်းတစ်လျှောက် ထာဝရအကောင်းဆုံးကစားသမားဆုကို မက်ဆီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မက်ဆီသည် အင်တာမီယာမီအသင်းနှင့်အတူ MSL Supporter's Shieldဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် စုစုပေါင်း ဆုဖလား ၄၆ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် မာကာက ထာဝရအကောင်းဆုံးကစားသမားဆုကို ဂုဏ်ပြုပေးအပ်ခဲ့ခြင်းဖြစ်သည်။

မာကာအားကစားသတင်းမီဒီယာမှ ဒါရိုက်တာဖြစ်သည့် ဂယ်လာဒိုကိုယ်တိုင် အမေရိကန်နိုင်ငံ အင်တာမီယာမီထံ သွားရောက်ပြီး အခမ်းအနားတစ်ရပ်ဖြင့် မက်ဆီကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် စပိန်လာလီဂါဖလား ၁၀ကြိမ်၊ စပိန်ကွပ်ဖလား ရှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား ခုနစ်ကြိမ်၊ ပြင်သစ်လီဂူးချန်ပီယံဆုနှစ်ကြိမ်၊ ပြင်သစ်စူပါဖလားတစ်ကြိမ်၊ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ကိုပါအမေရိကဖလားနှစ်ကြိမ်၊ဥရောပ-တောင်အမေရိကဖလားတစ်ကြိမ် စသည့်ဖလားများအပါအဝင် စုစုပေါင်းဆုဖလား ၄၆ကြိမ်ထိ ဆွတ်ခူးထားသည်။

မာကာ အားကစားမီဒီယာသည် အားကစားလောကတွင် ထူးထူးချွန်ချွန်စွမ်းဆောင်နိုင်ခဲ့သူများကို ထာဝရအကောင်းဆုံးကစားသမားဆုများကို စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ဘောလုံးအားကစားနည်းအပြင် အခြားအားကစားနည်းများမှ ကစားသမားများကိုလည်း ရွေးချယ်ပေးအပ်လေ့ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# စပိန်လာလီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

အေတီကို Vs လီဂါနက်

ကစားမည့်ရက်/အချိန် (၂၀-၁၀-၂၀၂၄ ည ၀၈:၄၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၀ - ၀ လီဂါနက်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| လီဂါနက် | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အေတီကိုအသင်းအတွက် အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ လီဂါနက်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ အေတီကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက်တော့ ခက်ခဲမှာပါ။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်ရောကစားသမားစုဖွဲ့မှုပိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းပဲနိုင်ပွဲပြန်လည်ရှာဖွေသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အေတီကို ၃ - ၁ လီဂါနက်

# ပြင်သစ်လီဂူး ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

STA

မောင့်ပယ်လီယာ Vs မာဆေး

ကစားမည့်ရက်/အချိန် (၂၁-၁၀-၂၀၂၄ နံနက် ၀၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မာဆေး ၄ - ၁ မောင့်ပယ်လီယာ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| မာဆေး | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ မောင့်ပယ်လီယာအသင်းအတွက် အခုပွဲစဉ်မှာလဲ အိမ်ကွင်းဆိုပေမဲ့ မာဆေးအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့မရှိဘဲ ရှုံးကနဲရလေ့ရှိပါတယ်။ မာဆေးအသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားလို့ အခုပွဲစဉ်မှာ အမှားခံမှာမဟုတ်ပါဘူး။ဒါ့ကြောင့် အဝေးကွင်းဆိုပေမဲ့ ကစားသမားစုဖွဲ့မှုရောခြေစွမ်းပိုင်းပါအသာစီးရရှိတဲ့ မာဆေးအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - မောင့်ပယ်လီယာ ၁ - ၂ မာဆေး

# MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ် မဲခွဲမှုပြုလုပ်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ၏ ရှုံးထွက်ပွဲစဉ်များမဲခွဲမှုကို ယနေ့နံနက်ပိုင်းတွင် သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲ ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဒုတိယအဆင့်အတွက် မဲနှိုက်ခြင်းကိုပြုလုပ်ခဲ့ကြသည်။

မဲခွဲမှုအပြီးတွင် King Cobra FC အသင်းနှင့် Yangon Futsal အသင်း၊ Red Eagle FC အသင်းနှင့် Generations Youth အသင်း၊ Insein City FC အသင်းနှင့် Naka United အသင်း၊ YCDC Marga FC အသင်းနှင့် Mahar United FCအသင်း၊ Shadows FCအသင်းနှင့် D. Aung Paing FCအသင်း၊ Hinthar FC အသင်းနှင့် 16/1 Youthအသင်း၊ Golden Heart FC အသင်းနှင့် Gold Dream FCအသင်း၊ Bushido Youth အသင်းနှင့် The Underdog FC အသင်းတို့ကစားမည်ဖြစ်သည်။

MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲကို ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲများမှ စတင်ပြီး MFF Futsal Official Youtube နှင့် T-Creation Youtube Channel များမှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် မဟာလေးချိုးကြီးကဗျာများ(၁)

၁၉၉၆ ခုနှစ် ဝန်းကျင်လောက်က အင်းမဆိုသည့်မြို့ငယ်လေး၌ ဝန်ထမ်းလုပ်ခဲ့စဉ်တွင် တာဝန်အရ ပြည်မြို့သို့ သွားရသောအခါ ဝါးလည်ရွာကလေးကို ဖြတ်သန်းရသည်။ ဝါးလည်ရွာဆိုင်းဘုတ်တွင်ပင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မွေးဖွားရာဇာတိရွာဟု ထည့်သွင်းရေးသားစိုက်ထူထားသည်ကိုတွေ့ရသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၀ နှစ်သားအရွယ်က သီပေါမင်းပါတော်မူသည်ကို မန္တလေးမြို့ မြတောင်ကျောင်းပေါ်မှ မျက်ဝါးထင်ထင်တွေ့လိုက်ကတည်းက မျိုးချစ်စိတ်အပြည့်ဖြင့် သူတစ်ပါးကျွန်ဘဝတွင်မနေလိုဟု ဆုတောင်းခဲ့သူဖြစ်သည်။ သူသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲလာခဲ့သူ၊ ငြိမ်းချမ်းရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သူ၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားမှုရှိသောသူ၊ စွန့်လွှတ်စွန့်စားအနစ်နာခံကာ နိုင်ငံနှင့်လူမျိုးကိုချစ်သောသူဟု ကမ္ဘာ့ညွှန်းတင်ခံရသောသူတစ်ဦးဖြစ်သည်။

**မောင်လွန်း**

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ၁၈၇၆ ခုနှစ် မတ်၂၃ ရက် ကြာသပတေးနေ့တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးလည်ရွာ၌ အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းတို့ကမွေးဖွားခဲ့ပြီး မွေးချင်း ငါးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်နာမည်မှာ မောင်လွမ်းမောင် ခေါ် မောင်လွမ်းမှ နောင်တွင် မောင်လွန်းဟုခေါ်တွင်သည်။ငယ်စဉ်က ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ထံတွင် ပညာသင်ကြားခဲ့ပြီး ၁၈၈၃ ခုနှစ်တွင် ဦးလေးတော်သူ ဦးပဉ္စင်း ဦးသီရိ၊ ဦးနန္ဒိယတို့နှင့် မန္တလေးသို့လိုက်ပါကာ မြတောင်ကျောင်းတိုက်တွင် ပညာများ ဆက်လက်သင်ကြားခဲ့သည်။ ထိုကျောင်းတိုက်၌ စာသင်ကြားနေစဉ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက် သီပေါမင်းပါတော်မူသည်ကို မြင်လိုက်ရခြင်းဖြစ်သည်။ ထို့နောက်တွင် ကိုရင်ဝတ်၍ ရှင်ပဏ္ဍိတအဖြစ် ဦးလေးဖြစ်သူနှင့်အတူ စစ်ကိုင်း၊ ချောင်းဦး၊ မုံရွာ၊ အလုံ၊ မောင်းထောင်၊ ဘုတလင်နှင့် ကနီဒေသများ၌ ခြောက်နှစ်ခန့် စာပေများ လှည့်လည်သင်ယူခဲ့သည်။ ထို့နောက် ဇာတိသို့ပြန်၍ ကျီးသဲ လေးထပ်ဆရာတော်ဘုရားထံတွင် ပညာများ ပြန်လည်ဆည်းပူးခဲ့ပြန်သည်။

**ပဏ္ဍိလေး**

၁၈၉၀ ပြည့်နှစ် အသက် ၁၆ နှစ်အရွယ်တွင် စာဝါလိုက်ရန် မော်လမြိုင်သို့ ကြွလာခဲ့သည်။ ထိုတွင် အချိန်ရလျှင်ရသလို လောကီဗေဒင်၊ ဆေးဝါးနှင့် အင်္ဂရိတ်ပညာတို့ကိုလေ့လာခဲ့သည်။၁၈၉၄ ခုနှစ်တွင် ဖခင်ကြီးကွယ်လွန်ပြီးနောက် လူထွက်ကာ မိခင်ကြီးကိုလုပ်ကိုင်ကျွေးမွေးနေပြီး ၁၈၉၇ ခုနှစ်တွင် အစိုးရစစ် ခုနစ်တန်းစာမေးပွဲကို မုံရွာမြို့ အလွတ်ပညာသင်ကျောင်းမှ ဦးပဏ္ဍိတ ရဟန်းအမည်ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် မော်လမြိုင်မြို့သို့ သွားရောက်ပြီး မြန်မာ့တိုင်းမ်သတင်းစာတွင် ပဏ္ဍိလေးဟူသော ကလောင်အမည်ဖြင့် စာကဗျာများရေးသားခဲ့သည်။

**လေးချိုးကဗျာရှည်ခေါ် မဟာကဗျာလေးချိုးကြီးများ ပြောင်းလဲဖွဲ့ဆို**

၎င်းနှစ်တွင်ပင် မြန်မာတိုင်းမ်သတင်းစာထုတ်ဝေမှုရပ်ဆိုင်းသွားသောအခါ ဟံသာဝတီမြို့ အမရဝတီ စာပုံနှိပ်တိုက်တွင် စာစီ၊စာပြင်အယ်ဒီတာအဖြစ် ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဆရာကြီး၏သားမောင်စိန်ညွှန့် ဖွားမြင်ခဲ့ကာ ထိုနှစ်တွင် ကဗျာပရမတ္ထသင်္ဂြိုဟ်ကျမ်း ရေးသားခဲ့သည်။ ထိုနှစ်တွင် လွတ်လပ်ရေးကြိုးပမ်းမှုပြုသည့် ဝံသာနုလုပ်ငန်းများ စတင်လာသောအခါ ဆရာကြီးသည် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ နိုးကြားစေမည့် လေးချိုးကဗျာရှည်ကြီးများ ပြောင်းလဲဖွဲ့ဆိုလာခဲ့သည်။ ထိုမဟာကဗျာလေးချိုးကြီးများသည် အကြောင်းအရာရော၊ ပုံသဏ္ဌာန်ပါထူးခြားဆန်းသစ် ပြောင်းလဲလာခြင်းဖြစ်သည်။ ထိုအတောအတွင်း ၁၉၁၀ ပြည့်နှစ်တွင် စတုတ္ထရင်သွေးဖြစ်သော မောင်ငွေတိုးကို ဖွားမြင်ခဲ့ပြီးနောက် ၁၉၁၁ခုနှစ်တွင် မြန်မာရာဇဝင်ချုပ်၊ ရွှေနတ်တောင်ဘုရား စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

**လေးချိုးကဗျာရှည်ခေါ် မဟာကဗျာလေးချိုးကြီး**

ဆရာကြီးရေးဖွဲ့ခဲ့သည့် လေးချိုးကဗျာရှည်ခေါ် မဟာကဗျာလေးချိုးကြီးများသည် အကြောင်းအရာက နိုင်ငံနှင့်လူမျိုးကို ကိုယ်စားပြုပြီး ပုံသဏ္ဌာန်က မန်ကျည်းရွက်သတ် နဘေထပ် လေးချိုးရှည်ပင်ဖြစ်သည်။ ထိုအခါက ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့တွင် ငိုချင်းအတွက် အသုံးပြုကြသည်။ လေးချိုးဟူသည် အချိုးလေးချိုးပါသော ကဗျာတစ်မျိုးဖြစ်ကာ ကဗျာ၏ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်တို့တွင် အသံတူဂရုဖြင့် အဆုံးသတ်ရသည်။ ၎င်းဂရုသံကို တတိယအပိုဒ်တွင် ခွာထောက်ကာရန် ပြန်ယူရသည်။ တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်တို့တွင် လဟုအသံဖြင့် အဆုံးသတ်ရသည်။ လေးချိုးကဗျာများကို စာလုံးရေ၊ စာကြောင်းရေနှင့် နဘေထပ်ယူပုံကို မူတည်၍ လေးချိုးငယ်၊ လေးချိုးလတ်၊ လေးချိုးပုလဲ၊ လေချိုးသဖြန်၊ လေးချိုးကြီးနှင့် သံချိုဟူ၍ ခွဲခြားထားသည်။ ဆရာကြီးသည် လေးချိုးကြီးကို အနံ့ရော အလျားပါ ချဲ့ထွင်ဆန့်ထုတ်ခဲ့ကာ ယခင်က လေးချိုးကြီးသည် စာမျက်နှာ သုံးမျက်နှာခန့်ရှည်ရာမှ ၁၀ မျက်နှာခန့်ရှည်အောင် ဆန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဆရာကြီး စတင်ရေးသားစဉ်က "တေးမျိုးအပြီး မသာမယာကို၊ လေးချိုးကြီး မဟာရယ်လို့ ခေါ်ရက်လေခြင်း" ဟု ကဲ့ရဲ့သူများပေါ်ခဲ့သော်လည်း အများနားလည်လွယ်ကာ ရွှတ်ဆို၍ကောင်းသောအဖွဲ့များဖြစ်သောကြောင့် လူအများက နှစ်သက်လက်ခံကြသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်၊ ဇာတိသွေးကို နိုးထစေခဲ့သည့် မဟာလေးချိုးကြီးများဟု ဆိုရပေမည်။

> **❖ဆရာကြီးသည် လေးချိုးကြီးကို အနံ့ရော အလျားပါ ချဲ့ထွင်ဆန့်ထုတ်ခဲ့ကာ ယခင်က လေးချိုးကြီးသည် စာမျက်နှာ သုံးမျက်နှာခန့်ရှည်ရာမှ ၁၀ မျက်နှာခန့်ရှည်အောင် ဆန့်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဆရာကြီး စတင်ရေးသားစဉ်က "တေးမျိုးအပြီး မသာမယာကို၊ လေးချိုးကြီး မဟာရယ်လို့ ခေါ်ရက်လေခြင်း" ဟု ကဲ့ရဲ့သူများပေါ်ခဲ့သော်လည်း အများနားလည်လွယ်ကာ ရွှတ်ဆို၍ကောင်းသောအဖွဲ့များဖြစ်သောကြောင့် လူအများက နှစ်သက်လက်ခံကြသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်၊ ဇာတိသွေးကို နိုးထစေခဲ့သည့် မဟာလေးချိုးကြီးများဟု ဆိုရပေမည်။ ❖**

**သူရိယသတင်းစာ**

၁၉၁၁ ခုနှစ် ဇူလိုင် ၄ ရက် အင်္ဂါနေ့တွင် သူရိယသတင်းစာ စတင်ထုတ်ဝေသည်။ ထိုသတင်းစာနာမည်ကို ဆရာကြီးမှ ရွေးချယ်သတ်မှတ်ပေးခဲ့ပြီး ရဲရင့်ခြင်းနှင့် သီပေါမင်းတို့ပါတော်မူသည့် သဘော်အမည်ကို အမှတ်ရစေခြင်းတို့ကို အဓိပ္ပာယ်ဆောင်သည်ဟုဆိုသည်။ ဆရာကြီးသည် ထိုသတင်းစာတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ရာမှ နိုင်ငံရေးကို စတင်စိတ်ဝင်စားလာရာ ၁၀ နှစ်သားခန့်တွင် ပါတော်မူမြင်ကွင်း၌ဖြစ်ပေါ်ခဲ့သည့် မျိုးချစ်စိတ်နှင့် ချိတ်ဆက်မိသွားသည်ဟု ဆိုကြပေသည်။ သူ့ကျွန်ဘဝတွင် အိပ်မောကျနေသော နိုင်ငံသူ၊နိုင်ငံသားများကိုလှုပ်နှိုး၍ လွတ်လပ်ရေးကြိုးပမ်းလိုစိတ်ဖြစ်ပေါ်လာအောင် ဩဇာတိက္ကမကြီးစွာဖြင့် လှုံ့ဆော်နိုင်ခဲ့သည်ဟုလည်း ဆိုကြပေသည်။ ဆရာကြီးထံမှ နိုင်ငံရေးအခြေခံပညာ ရရှိလိုက်ကြသည်ဟုလည်း ဆိုပြန်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းအတွက် ကြီးစွာသောယဉ်ကျေးမှုအထောက်အပံ့ဖြစ်ခဲ့သလို မြန်မာစာပေတွင်လည်း အခန်းကဏ္ဍအသစ်တစ်ရပ် ဖွင့်ခဲ့သူဟုလည်း ပြောကြပေသည်။ ထိုနှစ်တွင်ပင် လက်မှုပညာဋီကာနှင့် ဘုန်းကြီးပျံဒီပနီတို့ကို ရေးခဲ့သည်။

**ချဉ်ပေါင်ရွက်သည်မောင်မှိုင်း**

၁၉၁၂ ခုနှစ်တစ်ဝိုက်တွင် ခေတ်ပညာတတ်မြန်မာလူငယ်များကြားတွင် အမည်ရှေ့၌ မစ္စတာတပ်ခြင်းခေတ်စားကာ အင်္ဂလိပ်ကို အထင်တကြီး ရှိနေကြသည်။ အသင်းအစည်းအဝေးများတွင်ပင် မစ္စတာတပ်၍ မှတ်တမ်းတင်နေကြရာ လူငယ်များအမည်ရှေ့က မစ္စတာပြုတ်သွားအောင် လုပ်မှဖြစ်တော့မည်ဟု ဆရာကြီးကကြံစည်မိသည်ဟုဆိုသည်။ ထိုအချိန်က ဝန်စာရေးဦးကြီး ရေးသားသည့် "ချဉ်ပေါင်ရွက်သည်မောင်မှိုင်း"ဝတ္ထုထဲမှ ဇာတ်လိုက်မောင်မှိုင်းသည် လူရှုပ်လူပွေ၊ ကြာသမား မြာပွေသူဖြစ်၍ စာဖတ်သူတို့က အော့နှလုံးနာကြသည်။ ဆရာကြီးသည် ထိုမောင်မှိုင်းအမည်ကိုယူကာ ရှေ့က မစ္စတာတပ်ပြီး မစ္စတာမောင်မှိုင်းကလောင်အမည်ဖြင့် သူရိယသတင်းစာတွင် ကြာဋီကာနှင့် ဗိုလ်ဋီကာ ဆောင်းပါးများ ရေးသားခဲ့သည်။ ထိုဆောင်းပါးများကြောင့် အတော်ဂယက်ရိုက် ပွက်လောထသွားရာ နောက်ပိုင်းတွင် မြန်မာအမည်များရှေ့က မစ္စတာများ ပြုတ်သွားကြသည်။

**ကြာဋီကာနှင့် ဗိုလ်ဋီကာ**

၁၉၁၂ ခုနှစ်တွင် ကြာဋီကာကိုရေးသားခဲ့ကာ နောက်ဆုံးနှင့် ပဉ္စမရင်သွေး မမြကြည်ကိုမွေးခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ဗိုလ်ဋီကာကို သူရိယသတင်းစာ၌ ရေးသားခဲ့သည်။ ထိုဗိုလ်ဋီကာဆောင်းပါးများသည် ဆရာကြီး၏ စာဆိုဘဝတည်းဟူသောဗိမာန်တွင် အခြေခံအုတ်မြစ်ဖြစ်သည်ဟုဆိုသည်။ ဗိုလ်ဋီကာတွင် ထိုစဉ်က ဝတ်လုံတော်ရမင်းဦးမေအောင် အနေဖြင့် ရန်ကုန်မြို့ ပဲခူးခရိုင် ဝန်ရှင်တော်ရမင်းရုံးသို့သွားစဉ် မြန်မာပီပီ ခေါင်းဗောင်းဖြူဖော့လုံး၊ ထိုင်မသိမ်းအင်္ကျီနှင့် မြန်မာတောင်ရှည်ပုဆိုးနှင့် ပဋ္ဌညာဉ်ပွဲတက်ရောက်သဖြင့်"မျိုးမြန်မာ ညှိုးရှာခဲ့ပြီမို့"အစချီ တေးထပ်ဖြင့်ဂုဏ်ပြုခဲ့ပြီး ၁၉၁၃ ခုနှစ် မန္တလေးတွင် လယ်တီဆရာတော်ကြီးအမှူးပြုသော နိုင်ငံခြားသာသနာပြုအသင်းကြီး အောင်မြင်နေသည်ကိုတွေ့ရ၍ အမျိုးဘာသာ သာသနာအတွက် ဂုဏ်ပြုသောအားဖြင့် "သာသနာ တစ်ဝက် သီသီနင်းကာမှ၊ ကမ္ဘာမှာ စက်ချီလင်းစေဖို့၊ သည်အသင်း အချိန်ကြပြီလို့ နှလုံးမှာရည်၊ ထေရ်သနင်း မဟိန္ဒလို့ပဲ့ ဘုန်းလယ်တီ" အစချီ မဟာလေးချိုးကြီးနှင့်"သာသနာ့ဒါယကာတပေါ်မြန်းရှာလျက်"အစချီ နိုင်ငံခြားသာသနာပြု မဟာလေးချိုးကြီးနှစ်ပုဒ် ရေးဖွဲ့ခဲ့ပေသည်။

**ဋီကာ၊ ဒီပနီနှင့် ဂဏ္ဍိ**

ဆရာကြီးသည် စာစုံရေးဖွဲ့ခဲ့သောသူဖြစ်ကြောင်း တွေ့ရှိရသည်။ ကလောင်ကိုင်ကာစတွင် ကဗျာ၊ ဆောင်းပါးနှင့် ပြဇာတ်များရေးသားခဲ့သော်လည်း ကြာဋီကာ၊ ဗိုလ်ဋီကာမှစ၍ ကဗျာတွင် မဟာလေးချိုးကြီးနှင့် စာတွင် နိုင်ငံအရေး၊ ဇာတိမာန်အရေးကို ဦးတည်ဖွဲ့ဆိုလာသည့် ဋီကာ၊ ဒီပနီနှင့် ဂဏ္ဍိများဘက်သို့ ရွေ့လာခဲ့ပေသည်။ ထိုဋီကာ၊ ဒီပနီနှင့်ဂဏ္ဍိတို့၏ အနက်ကို အကျယ်ချဲ့၍ ရှင်းလင်းဖွင့်ဆိုပြသည်ဖြစ်သောကြောင့် ဆရာကြီးသည် နိုင်ငံအရေးတို့ကို ဋီကာ၊ ဒီပနီ၊ ဂဏ္ဍိများချဲ့၍ ရေးဖွဲ့သည့်ဘက်သို့ ရွေ့ပြောင်းသွားပြီဖြစ်ကြောင်း တွေ့ရပေသည်။ ဆရာကြီး အသက် ၄၀ အရွယ် ၁၉၁၄-၁၅ခုနှစ် ခန့်တွင် ဇနီးသည် ဒေါ်ရှင် ကွယ်လွန်ရှာသည်။ ထိုအချိန်မှစ၍ ဆရာကြီးသည် ထပ်မံ၍ အိမ်ထောင်မပြုသည်မှာ ကွယ်လွန်ချိန်ထိဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် မှာတော်ပုံဝတ္ထုပထမတွဲနှင့် ၁၉၁၇ ခုနှစ်တွင် မဏိခက်နန်းတွင်း ဇာတ်တော်ကြီးကို တည်းဖြတ်ထုတ်ဝေသည်။

**ဒေါင်းဋီကာ**

၁၉၁၉ ခုနှစ်တွင် ဒေါင်းဋီကာသစ်ကို ရေးသားထုတ်ဝေခဲ့ရာ အမျိုးသားပညာရေးအဖွဲ့၊ သင်ခန်းစာကော်မတီက ရှစ်တန်းတွင်သုံးရန် ပြဋ္ဌာန်းခဲ့သည်။ ဒေါင်းဋီကာသစ်ဟု အမည်ယူရခြင်းမှာ မဟာဝိသုဒ္ဓိရာမဆရာတော်ကြီး၏ ဒေါင်းဋီကာရှိပြီးဖြစ်၍ဖြစ်ပေသည်။ ထိုနှစ် ဇူလိုင်လတွင် ဟုမ္မရူးအတွက် ဖေပုရှိန်တို့ ဘိလပ်သွားသောအခါ ဆရာကြီးသည် ဩဒိဿပတ္ထနာ မဟာလေးချိုးကြီးဖြင့် ဂုဏ်ပြုခဲ့သည်။ ထိုလေးချိုးကြီး ဒုတိယအပိုဒ်တွင် "(ဩော်)ပြေအမှုပေမို့၊ ငွေခရုငယ်နှင့်၊ ဖေယျတုပါကွဲ့....သပြေနုချိန်တင်ရန် ပန်းတွေကလည်း များလိုက်ပါသဘိနှင့်၊ ဖေပုရှိန် အင်္ဂလန်နန်းမြေ သွားတို့မှာဖြင့်၊ ဝမ်းမြောက်ဖွယ် ကြံလွယ်ဖန်လွယ်နှင့်၊ အန္တရာယ် ရန်စွယ်မောင်းတဲ့ပြင်၊ မြန်နယ်ကို ပြန်လွယ်ကြောင်းတွေနှင့်၊ ဆုတောင်းကာ ပတ္ထနာဆင့်တဲ့ပြင်၊ ဆရာရှင်မင်းရို့ ကိုရင်မှိုင်းဟာဖြင့်"ဟု ရေးဖွဲ့ဆုတောင်းမေတ္တာပို့သထားသည်ကိုကြည့်ရခြင်းဖြင့် မြန်မာ့အရေးကို ဆရာကြီးအနေဖြင့်အမြဲတွေးတောပုံဖော်နေကြောင်းကို တွေ့နေရပေသည်။ အဆိုပါဒေါင်းဋီကာသစ်သည် ၁၉၂၀ ပြည့်နှစ်တွင် ပထမအကြိမ်၊ ၁၉၂၉ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၆၀ ပြည့်နှစ်တွင် တတိယအကြိမ်ထုတ်ဝေခဲ့သည့်အပြင် ကျမ်းကိုးစာအုပ်ပေါင်း ၁၂၉ အုပ်၊ ရာဇဝင်ပုဂ္ဂိုလ်ကျော် ၁၁၂ ဦး၊ စာပြုစာဆိုပုဂ္ဂိုလ်ကျော်စာဆိုတော်၈၆ ဦးပါရှိကာ ဆရာကြီး၏ လေးချိုး၊ ဒွေးချိုးနှင့် တေးထပ် ၂၄ ပုဒ်ပါဝင်ပေသည်။

**ကိုးကား**

- **ဇော်ဂျီ၏ ရသစာပေအဖွင့်နှင့် နိဒါန်း**
- **လူထုဒေါ်အမာ၏ ဆရာကြီးသခင်ကိုယ်တော်မှိုင်း**
- **ဒေါက်တာချိုချိုတင့်၏ ကိုလိုနီခေတ်ဦး မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု**

**ပြေအေးသက်**

# သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားရိုးရာအဆိုအကများဖြင့် ဖျော်ဖြေမှုပြန်လည်စတင်



**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သီတင်းကျွတ်ကာလ အောက်တိုဘာ ၁၇ ရက်မှစတင်၍ တိုင်းရင်းသားရိုးရာအဆိုအကများဖြင့် ဖျော်ဖြေမှု ပြန်လည်စတင်နေကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလှိုင်က ပြောပြ၍ သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမကြီးတွင် အခမဲ့ဖျော်ဖြေပေးလျှက်ရှိပြီး မိုးကာလမေလမှစတင်၍ လာရောက်လည်ပတ်သူ နည်းပါးသဖြင့် ခေတ္တရပ်နားထားခဲ့ကာ ယခုသီတင်းကျွတ်ကာလတွင် ပြန်လည် စတင်ခြင်းဖြစ်ကြောင်း သိရသည်။

"ပုံမှန်ကတော့ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း တိုင်းရင်းသားရိုးရာ အဆိုအကတွေနဲ့ အခမဲ့ဖျော်ဖြေတာရှိပါတယ်။ မိုးကာလမှာတော့ လာရောက်လည်ပတ်သူနည်းပါးတဲ့အတွက် ခေတ္တရပ်နားခဲ့ပါတယ်။ အခု သီတင်းကျွတ်ကာလ အောက်တိုဘာ ၁၇ ရက်ကစပြီး ဒီအစီအစဉ်ကို ပြန်လည်စတင်တာဖြစ်ပါတယ်"ဟု ဦးစန်းလှိုင်က ပြောပြသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပဲခူးမြစ်ကမ်းအနီးတွင် တည်ရှိကြောင်း သိရသည်။ ASH

# Mike and Nick and Nick and Alice ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဘင်ရှဝပ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၁၈**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Mike and Nick and Nick and Alice ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဘင်ရှဝပ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ဘင်ရှဝပ်သည် မင်းသမီး အိုက်ဇာဂွန်ဇာလက်၊ မင်းသား ဗင့်ဗော့၊ ဂျိမ်းမာ့ဒန့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘင်ဒေးဗစ်ဂရာဘင်စကီးက ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Mike and Nick ဇာတ်ကား၌ မင်းသား ဘင်ရှဝပ် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးသော်လည်း မြေအောက်ဒုစရိုက်လောက ဇာတ်လမ်းနောက်ခံအဖြစ်ထားရှိရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မရဲ့ အေးခဲသွားကြသူများ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်



**ရန်ကုန် အောက်တိုဘာ ၁၈**

ရတနာကျော်စိုး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မရဲ့အေးခဲသွားကြသူများ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ အောင်မင်းခန့်က ပြောပြ၍ သိရသည်။

မရဲ့ အေးခဲသွားကြသူများ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အာကာက ရေးသားထားပြီး မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားကာ ရတနာကျော်စိုး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သီဟကျော်စိုးက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ဒရာမာကိုလျှို့ဝှက်သည်းဖိုနဲ့ တွဲထားတာမို့ အသည်းတယားယား ရင်တဖိုဖိုကြည့်ရမဲ့ဇာတ်ကားပါ။ ကြမ်းကြမ်းတမ်းတမ်း လူသားတွေရဲ့ ရင်ထဲကလာတဲ့ အနူးညံ့ဆုံးမေတ္တာတရားကိုတော့ မြင်ခွင့်ရမှာပါ"ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

မရဲ့ အေးခဲသွားကြသူများ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အောင်မင်းခန့်၊ ဥက္ကာမင်းမောင်၊ ထူးအောင်၊ ကောင်းစစ်သွေး၊ ချောကလျာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Until Dawn ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရုံတင်ရန်စီစဉ်

**နယူးယောက် အောက်တိုဘာ ၁၈**

Until Dawn အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဆိုနီပလေးစတေးရှင်က ၂၀၁၅ ခုနှစ်တွင်ထုတ်လုပ်ခဲ့သည့် Until Dawn ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Until Dawn ဇာတ်ကားသည် တောင်ပေါ်အပန်းဖြေစခန်းတစ်ခု၌ လူသတ်သမား၏အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည့် သူငယ်ချင်း ရှစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

Until Dawn ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အက်ဆန်းဘာ့က တာဝန်ယူရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂါရီဒါဘာမင်းက ရေးသားပေးထားသည်။

Until Dawn ဇာတ်ကားတွင် မင်းသား ပီတာစတိုးမား၊ မိုက်ကယ်စီမီနို၊ မင်းသမီး အယ်လာရူဘင်နှင့် မိုင်ယာမစ်ချဲတို့ ပါဝင်ထားသည်။

အဆိုပါဇာတ်ကား ရုံတင်မည့်ရက်တွင် Amazon MGM ကုမ္ပဏီကလည်း The Accountant 2 ဇာတ်ကားကို ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ၄၇ ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် သက်ကြီးအနုပညာရှင်များကို ကန်တော့ငွေနှင့်ကန်တော့ပစ္စည်းများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

၄၇ ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ ကျန်းမာရေးအခြေအနေအရ တက်ရောက်နိုင်ခြင်းမရှိသည့် သက်ကြီးအနုပညာရှင်များကို အောက်တိုဘာ ၁၇ ရက်မှစ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အောက်တိုဘာ ၁၃ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ နေရာအခက်အခဲနှင့် ကျန်းမာရေးအခြေအနေအရ ရုပ်ရှင်သက်ကြီး အနုပညာရှင် ဦးရေ ၄၀ ခန့်သာ တက်ရောက်နိုင်ခဲ့ပြီး ရုပ်ရှင်သက်ကြီးအနုပညာရှင် ဦးရေ ၁၀၀ ခန့် တက်ရောက်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ နေရာအခက်အခဲကြောင့် သက်ကြီးအနုပညာရှင်တွေထဲမှာ ကြာကြာမထိုင်နိုင်တဲ့သူတွေ၊ Wheel Chair နဲ့ လာရတဲ့သူတွေ များတဲ့အတွက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲနေ့က အယောက် ၄၀ လောက်ပဲ ကန်တော့နိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျန်ရှိနေတဲ့ သက်ကြီးအနုပညာရှင် အယောက် ၁၀၀ လောက်ကို အောက်တိုဘာ ၁၇ ရက်ကစပြီး အစည်းအရုံးမှာ ကန်တော့ငွေနဲ့ ကန်တော့ပစ္စည်းတွေ ထုတ်ပေးနေတာဖြစ်ပါတယ်။ ကျန်းမာရေးမကောင်းလို့ လုံးဝမလာနိုင်ဘဲ အိပ်ရာထဲလဲနေတဲ့ သက်ကြီးအနုပညာရှင်တွေကိုတော့ အိမ်တိုင်ရာရောက် သွားကန်တော့နေပါတယ်။ အခုအချိန်ထိ လာရောက်ထုတ်ယူနိုင်တဲ့ သက်ကြီးအနုပညာရှင်တွေက လာရောက်ထုတ်ယူနေပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ယခုနှစ်အတွက် ကန်တော့ခံ သက်ကြီးအနုပညာရှင် ၁၃၉ ဦးရှိပြီး ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သက်ကြီးပူဇော်ပွဲသို့ လာရောက်နိုင်ခြင်းမရှိသည့် သက်ကြီးအနုပညာရှင်တစ်ဦးလျှင် ကန်တော့ငွေကျပ် ၄၇၀၀၀၀ နှင့် ဆေးပစ္စည်း ၇၀ ခန့်ကို ထုတ်ပေးနေကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy silver jubilee commemorative $25^{th}$ Myanmar Traditional Cultural Performing Arts Competitions




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy the dances of the contestants of amateur level (first class) representing Kayin State.

**Nay Pyi Taw October 18**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watched the central level contests of silver jubilee commemorative $25^{th}$ Myanmar Traditional Cultural Performing Arts Competitions at MICC 2 this morning.

Present together with the Senior General and wife were SAC members and wives, union ministers and wives, the Nay Pyi Taw Council chair, deputy ministers, judges, managers, contestants from regions and states, national brethren and performing arts fans.

First, the Senior General and wife and party enjoyed the dances of the contestants of amateur level (first class) of regions and states, performed with a variety of aesthetic properties through graceful movement of their hands, legs, waist and head to the accompaniment of Myanmar orchestra.

After the contest, the Senior General and wife cordially greeted the judges and contestants.

Later, the Senior General and wife and party watched the age ten to 15 basic education level (girls) guitar contest at the News Briefing Room of MICC2. Contests were able to play the song Waybagiri pleasantly and artistically.

After the contest, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greeted the judges and contestants.

100



Senior General Min Aung Hlaing greets judges and contestants.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy the age 10-15 basic education level (girls) guitar contest representing Mandalay Region.

# Plan underway to grow more than 4,000 acres of black bean in Monywa District

**Monywa October 18**

The statistics of Monywa District Agriculture Department stated that local authorities earmarked 4,750 acres of black bean in Monywa District of Sagaing Region in coming winter.

In 2024-25 cold season crop cultivation period, Monywa Township of Monywa District planned to grow 850 acres of black bean, Budalin Township 50 acres, Ayadaw Township 3,050 acres and ChaungU Township 800 acres, totalling 4,750.

With regard to preparations for growing black bean, Daw San San Myint, Head of Monywa District Agriculture Department unveiled: "Local authorities have earmarked more than 4,000 acres of black bean in Monywa District in coming winter. Our department will assist in farming tasks of local farmers to meet the target cultivation. Moreover, we will provide necessary technologies, quality strains of crops and ways to prevent pests to local farmers in addition to conducting field trips to the grassroots level."

Relevant township Agriculture Department have decided to provide quality strains of crops suitable for the region, correct agricultural techniques, prevention of pests, systematic use of fertilizers and efforts to boost production for local farmers.


This year, officials of relevant township Agriculture Department cooperate with local farmers in boosting per-acre yield of crops with the use of quality strains of crops, use of agricultural inputs, and sharing of post-harvest technology.

206



A black bean plantation.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, wife Daw Than Than Nwe watch Maha Janaka Jataka of ten Jatakas performance competition of Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition





Vice-Senior General Soe Win and wife Daw Than Than Nwe watch Maha Janaka Jataka of ten Jatakas performance competition of Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 18**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe watched the Maha Janaka of ten Jatakas performance competition of the Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition (2024) at the open air theatre of Nay Pyi Taw Council this evening.

Also present at the competition together with the Vice-Senior General and wife were union ministers and their wives, the chairman of Nay Pyi Taw Council, deputy ministers, members of judges, managers, instructors and national race contestants from regions and states, staff and their families and members of the public who love Jataka performance.

First, the Vice-Senior General and wife and party watched the performance of original Maha Janaka Jataka presented through music, dances, Jataka scripts of Myanmar traditional Jataka troupes and arts of singing, crying and speaking by Shwe Yangon Region Jataka Troupe, which represents Yangon Region.

Then, the Vice-Senior General and wife cordially greeted judges and contestants.

The Jataka performance competitions were presented by Maha Ayeya Jataka Troupe, which represents Ayeyarwady Region, on 14 October, by Phankharmyay Jataka Troupe, which represents Magway Region, on 15 October, by Min Naing Soe Jataka Troupe, which represents Mon State, on 16 October, by Manmyo Gonye Jataka Troupe, which represents Mandalay Region, on 17 October and by Shwe Yangon Region Jataka Troupe, which represents Yangon Region, today. Jataka Troupes representing Bago Region and Sagaing Region will present their performance of the Jataka on 19 and 20 October respectively.

100

# Israeli military confirms killed Hamas leader Yahya Sinwar

**Gaza October 18**

The Israel Defense Forces (IDF) and the Israel Security Agency (ISA) jointly confirmed Thursday that Hamas leader Yahya Sinwar was killed in the Gaza Strip by Israeli soldiers on Wednesday.

"IDF soldiers from the Southern Command eliminated Yahya Sinwar... in an operation in the southern Gaza Strip," the Israeli army said in a statement.

The IDF said that its soldiers killed three militants in the operation, and later, it turned out that one of them was Sinwar, who "was responsible for the murder and abduction of many Israelis."

According to the statement, Sinwar was killed after hiding over the past year behind the civilian population of Gaza, both above and below ground, in Hamas tunnels in the Gaza Strip.

"The dozens of operations carried out by the IDF and the ISA over the last year, and in recent weeks in the area where he was eliminated, restricted Sinwar's operational movement as he was pursued by the forces and led to his elimination," the statement added.

Shortly before the IDF statement, Israeli Foreign Minister Israel Katz confirmed Sinwar's death in a message to foreign ministers of other countries, saying that "this is a great military and moral achievement for Israel."

Xinhua



Israel's military chief Herzi Halevi (C) makes an inspection near the site where Hamas leader Yahya Sinwar was killed in the Gaza Strip, Oct. 17, 2024.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် Airbus ကုမ္ပဏီက မရိန်းတပ်ဖွဲ့များအတွက် မောင်းသူမဲ့ရဟတ်ယာဉ်ကို ကနဦးစမ်းသပ်မှုများ လုပ်ဆောင်နိုင်ခဲ့



အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ်ရှိ မရိန်းတပ်ဖွဲ့များအတွက် UH-72 Lakota မောင်းသူမဲ့ရဟတ်ယာဉ်ကို ကနဦးစမ်းသပ်မှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်ဟု Airbus ကုမ္ပဏီ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ The Defense Post သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့ရဟတ်ယာဉ်သည် Aerial Logistics Connector Rapid Prototyping စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဆင့်မြင့်စစ်ဆင်ရေးများအတွင်း ရန်သူ့နယ်မြေများကို ဖြတ်သန်း၍နည်းဗျူဟာမြောက်ပစ္စည်းကိရိယာများကို အလိုအလျောက် သယ်ယူပို့ဆောင်ပေးနိုင်ရန် နည်းလမ်းရှာဖွေ ကြိုးပမ်းနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

Airbus ကုမ္ပဏီအနေဖြင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်၌ ပြုလုပ်ခဲ့သော စမ်းသပ်မှုများကဲ့သို့ နောက်ထပ်သရုပ်ပြစမ်းသပ်မှုများ ထပ်မံပြုလုပ်သွားရန်ရှိပြီး မောင်းသူမဲ့ရဟတ်ယာဉ်၏ စွမ်းဆောင်ရည်များနှင့် ဝိသေသလက္ခဏာများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားနိုင်ရေးအတွက် အချက်အလက်များ စုဆောင်းနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ကနဦး ရှေ့ပြေးနမူနာပုံစံတစ်စင်း ရရှိသွားနိုင်ရန် အနာဂတ်ဆုံးဖြတ်ချက်များအပေါ် သတင်းအချက်အလက်များကို စာရွက်စာတမ်းများဖြင့် ပြည့်စုံစွာဖော်ပြပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မတိုင်မီထိ စမ်းသပ်မှုများ ဆက်တိုက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

အမေရိကန် ရေတပ်၏လေကြောင်းစနစ်များ ကွပ်ကဲမှုဌာနချုပ် (US Naval Air Systems Command)သည် မောင်းသူမဲ့ရဟတ်ယာဉ်စီမံကိန်း ပထမအဆင့်စာချုပ်အတွက် သက်သေပြထားပြီးဖြစ်သော Airbusကုမ္ပဏီ၏ Lakota ဒရုန်းအပေါ်အခြေခံလျက် UH-72 Logistics Connector conceptတစ်ရပ်ကို တင်ပြနိုင်ရန် ၂၀၂၄ ခုနှစ် မေလတွင် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

စာချုပ်၏ ပထမအဆင့်တွင် တပ်ဖွဲ့ဝင်များထံမှရရှိလာသော အချက်အလက်များအတိုင်း ပေါင်းစပ်အသုံးပြုနိုင်ပါက အမေရိကန်မရိန်းတပ်ဖွဲ့အတွက် အဖိုးမဖြတ်နိုင်သော သိမြင်နားလည်နိုင်မှုများ တိုးပွားလာမည်ဖြစ်ပြီး မှန်ကန်သော စွမ်းဆောင်ရည်များ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း Airbus ကုမ္ပဏီ(အမေရိကန်)၏ အာကာသနှင့်ကာကွယ်ရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ Rob Geckle Jr က ထုတ်ဖော်ပြောကြားခဲ့သည်။

UH-72 Lakota မောင်းသူမဲ့ရဟတ်ယာဉ်သည် Airbus ကုမ္ပဏီထုတ် အရပ်ဘက်သုံး EC145 ရဟတ်ယာဉ်၏ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးအမျိုးအစားဖြစ်သည်။ ၎င်းသည် ၄၃ ပေရှည်လျားပြီး ပန်ကာ(ဒလက်)အချင်းမှာ ၃၆ ပေရှိသည်။ မောင်းသူမဲ့ရဟတ်ယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ၁၆၇ မိုင်နှင့် အကွာအဝေး ရေမိုင် ၃၇၀ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်သည်။ UH-72 Lakota မောင်းသူမဲ့ရဟတ်ယာဉ်သည် တပ်ဖွဲ့ဝင် ကိုးဦး သို့မဟုတ် Payload အလေးချိန် ၃၉၅၃ ပေါင်ထိ သယ်ဆောင်နိုင်စွမ်းရှိပြီး အမြင့်ပေ ၁၈၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း သိရသည်။

**Airbus Completes First Lakota Drone Helicopter Demo for US Marine Corps ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်က နျူကလီးယားဗုံးထက် သာလွန်ကောင်းမွန်သည့် လက်နက်များပိုင်ဆိုင်ထားဟု အီရန်ဗိုလ်ချုပ်တစ်ဦးက ပြောကြား



အီရန်သည် နျူကလီးယားဗုံးထက် သာလွန်ကောင်းမွန်သည့် လက်နက်များပိုင်ဆိုင်ထားကြောင်း အီရန်စစ်ဘက်မှ ဗိုလ်မှူးချုပ် Ebrahim Rostami က အခိုင်အမာပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးက အီရန်နိုင်ငံကို လက်တုံ့ပြန်တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများကြားတွင် နိုင်ငံ၏ နျူကလီးယားစွမ်းအင်မဲ့စစ်ရေးမူဝါဒကို ပြန်လည်သုံးသပ်ရန် အီရန်နိုင်ငံလွှတ်တော်အမတ်များ၏ တောင်းဆိုချက်အပေါ် တုံ့ပြန်သည့်အနေဖြင့် ထုတ်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

နျူကလီးယားစွမ်းအားမဲ့ စစ်ဘက်ရေးရာဝါဒကို ပြောင်းလဲကျင့်သုံးရန် တောင်းဆိုမှုများကို ထောက်ခံခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များသည် အချို့သောကဏ္ဍများကို သိရှိနိုင်မည်မဟုတ်ကြောင်း၊ ၎င်းတို့တွင်ထိပ်တန်းလျှို့ဝှက်အချက်အလက်များ ဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ် (IRGC)၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်လက်နက်ပစ္စည်းကိရိယာတပ်တော်ဝင် အသုံးပြုရေးဆိုင်ရာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Rostami က အီရန်နိုင်ငံ သတင်းမီဒီယာတစ်ခုနှင့်အင်တာဗျူးတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

အီရန်နိုင်ငံတွင် နျူကလီးယားဗုံးထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်သော လက်နက်များပိုင်ဆိုင်ထားသည်ဟု ဗိုလ်မှူးချုပ် Ebrahim Rostami က ပြောကြားခဲ့ပြီး ၎င်းလက်နက်များကို ယခင်ကတည်းက တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် ယူအေအီးနိုင်ငံ၌ ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံခဲ့ရမှုဖြစ်စဉ်ကို ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က အီရန်ပါလီမန်အမတ်များအဖွဲ့သည် နိုင်ငံ၏ ကာကွယ်ရေးမူဝါဒကို ပြန်လည်သုံးသပ်ရန်နှင့် နျူကလီးယားဗုံးထုတ်လုပ်ခြင်းဆိုင်ရာ တားမြစ်ချက်ကို ဖယ်ရှားရန် အမျိုးသားလုံခြုံရေးကောင်စီကို တောင်းဆိုခဲ့သည်။ အီရန်၏ နျူကလီးယားနှင့် ရေနံချက်စက်ရုံများကို တိုက်ခိုက်ရန် အစ္စရေးဘက်က ဆက်လက်ခြိမ်းခြောက်နေမှုများကြားတွင် ယခုကဲ့သို့ တောင်းဆိုခဲ့ကြခြင်းလည်းဖြစ်သည်။

ပြီးခဲ့သည့်လက အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) မှ ဟားမတ်စ်၊ဟစ်ဇ်ဘိုလာ ခေါင်းဆောင်များနှင့် IRGC မှ အကြံပေး ဗိုလ်မှူးချုပ်တစ်ဦးတို့ကို လုပ်ကြံခဲ့ပြီးနောက် အီရန်နှင့်အစ္စရေးတို့ကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်သည့် အနေဖြင့် အီရန် နိုင်ငံသည် အောက်တိုဘာ ၁ ရက်က ပဲ့ထိန်းဒုံးကျည်များဖြင့် စစ်ဘက်အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုအပြီးတွင် နျူကလီးယားအဆောက်အအုံများအပါအဝင် အီရန်၏ စွမ်းအင် အခြေခံအဆောက်အအုံများအပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်ရန် အစ္စရေးတာဝန်ရှိသူများက ဆော်ဩလျက်ရှိချိန်တွင် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Yoav Gallant က အဖျက်စွမ်းအားပြင်းကာ တိကျသေချာပြီး အံ့အားသင့်ဖွယ် လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ တစ်ဖက်တွင်လည်း အီရန်နိုင်ငံက ဆက်လက်တင်းမာမှုများဖြစ်စေမည့် တိုက်ခိုက်မှုများကို ရှောင်ကြဉ်ရန် အစ္စရေးနိုင်ငံကို တိုက်တွန်းခဲ့ပြီး မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို တူညီသော လက်တုံ့ပြန်မှုများပြုလုပ်သွားနိုင်ရန် အပြည့်အဝ ပြင်ဆင်ထားကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

အနောက်ဂျေရုဆလင်သည် အီရန်၏ ရေနံနှင့်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပါက အီရန်ဘက်ကလည်း အစ္စရေး၏ ရေနံချက်စက်ရုံများကို လက်တုံ့ပြန်တိုက်ခိုက်သွားလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင် သတင်းရင်းမြစ်တစ်ခုက ပြီးခဲ့သည့် သီတင်းပတ်အတွင်း RT သို့ ပြောကြားခဲ့သည်။ ထို့အတူ ဓာတ်အားပေးစက်ရုံများနှင့် နျူကလီးယားစက်ရုံများကို တိုက်ခိုက်လာပါကလည်း အလားတူပစ်မှတ်များကို တုံ့ပြန်တိုက်ခိုက်သွားနိုင်ခြေရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Iranian general claims ‘secret weapon’ more powerful than nuclear bombs ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၇၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီးစက်တင်ဘာလ ၁ ရက် မှ ၃၀ ရက်ထိ ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၁၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ငါးစည်ဖောင်းခြောက်တွေက ငါးရွှေငါး၊ နတ်ကတောင်ငါး၊ ငါးရောင်ငါး၊ ငါးပုတ်သင်ငါးစတဲ့ ငါးတွေက ရရှိတဲ့စည်ဖောင်းတွေကို နေပူလှန်း အခြောက်ခံပြီး ပြုလုပ်ထားခြင်းဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က စက်တင်ဘာလ ပထမပတ်က စတင် ဝယ်ယူမှုများလာတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ ဒေသထွက်ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၀၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ၄၀၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၀၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးGAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့တောင်သူတွေကို နည်းပညာပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စုံစိုက်တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



မြောင်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကGAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်စုံတိုးချဲ့စိုက်ပျိုးလာနိုင်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။ (၂၀၆)

# ဖြူးမြို့နယ် မင်းလမ်း(မြန်မာ)ကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဖြူး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မင်းလမ်း(မြန်မာ) ကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ မင်းလမ်း(မြန်မာ)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့သည်။

ဖြူးမြို့နယ် မင်းလမ်း(မြန်မာ) ကျေးရွာ၌ လမ်းအရှည်ပေ ၃၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ ကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးပေးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၀၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးဂီတာအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက **"ဝေဘာဂီရီ"**(ကြိုး) သီချင်းအား သီချင်း၏ရသပေါ်လွင်စေပြီး နားဆင်သူများနားဝင်ပီယံရှိစေရန် လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(မဝ၁)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၄ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"မဟာဂီတ"**တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"သီလာဝေယံ"**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက"သီလာဝေယံ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်"** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) BANQUET HALL ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"မဂ္ဂင်ရှစ်ပါး"** သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"ချစ်စရာ့ရွှေတာမာ"**သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်







အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေလက်အချိုးအဆစ်ညီညာစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသစုံလင်လှသည့် ဆိုင်ပိုပြော အကအလှများဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လူငယ်အားမာန်အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး"**ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

ဂီတာအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"ဘုန်းမိုးသွန်းလောင်း"** (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"မန္တလာဘုံ"**(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လူမနော"**(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ဝေဘာဂီရီ"**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက**"မြမန်းဂီရိ"**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လာချေပြီ"** (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"ခန်းတွင်းရိပ်သာ"**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"ဖူးပွေ့လက်တင်"**(ဘောလယ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"စံရာတောင်ကျွန်း"**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက**"စံရာတောင်ကျွန်း"**(ကြိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

တယောအတီးပြိုင်ပွဲကို သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှပြိုင်ပွဲဝင်များက **“ကျွန်းကျွန်း ပိုင်သ”**(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ တွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“နန်းဘုံသီဟာသွေ”**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊မကွေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က **“ရွှေပြည်ကြီးရော”**(ကြိုး)သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က **“ရီရီဆိုင်းဆိုင်း”**(ကြိုး) သီချင်းဖြင့်လည်း ကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“လျှပ်ပန်းခွေနွဲ့”**(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မင်္ဂလာသီရိ”**(ဘွဲ့)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင် ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အဆင့်မြင့် ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဝေဇယန္တာ”**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ဝေဇယန္တာ”**(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“ရွှေညီလာ”**(လေးထွေသံကတ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက **“ထောင်ရောင် နေကသာ”**(သီချင်းခံ) သီချင်းဖြင့်လည်း ကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာ ရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် **“ဝေဿန္တရာ”** ဇာတ်တော်ကြီးဖြင့် စစ်ကိုင်း တိုင်းဒေသကြီးကိုယ်စားပြု ရွှေဇေယျာရုပ်စုံ သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုဖော်ကျူးသည့် အကအလှ များ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင် ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့ လိုက်ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ တွင် **“မဟာဇနက”**ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေ ရန်ကုန်တိုင်းဇာတ်အလှသဘင်အဖွဲ့က မူရင်း ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင်ငိုပြောပညာရပ် များ၊ အကအလှများနှင့် အနုပညာရသ မြောက် ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်း နွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရွှေနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးတင်ဦးလွင်၊ ဦးဉာဏ်ထွန်း၊ ဒေါက်တာညွန့်ဖေ၊ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင် သော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်း ထွန်းဦးနှင့် ၎င်းတို့၏ဇနီးများ၊ဒုတိယဝန်ကြီး များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘ များက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်တို့သည် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင်ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

၂၀၂၄ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု “မဟာဧရာ” ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု “ဖန်ခါးမြေ” ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မွန်ပြည်နယ်ကိုယ်စားပြု “မင်းနိုင်စိုး” ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းမြို့ဂုဏ်ရည်”ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု “ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက ဆက်လက်ပါဝင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်



ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



စစ်ကိုင်းမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများက ဆီမီးထွန်းညှိပူဇော်ကြစဉ်။

☆ **ကျောဖုံးမှအဆက်**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


## အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်ထိ ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၈**


ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ် နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆/၂၀၂၄)သို့တက်ရောက်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



# မန္တလေးမြို့တွင်ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်နောက်ဆုံးရက်တွင် လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား





**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင်ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် ယနေ့ပွဲတော် နောက်ဆုံးရက်တွင်လည်း စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကာ အောက်တိုဘာ ၁၆ ရက်မှစ၍ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၃ လမ်းအတွင်း ကျင်းပခြင်းဖြစ်ပြီး ဆီမီးတစ်သောင်းကပ်လှူပူဇော်ပွဲများ၊ ပွဲတော်ကျင်းပရာလမ်းတစ်လျှောက် ရောင်စုံမီးများထွန်းညှိပြင်ဆင်ထားရှိမှုများနှင့်အတူ နိုင်ငံကျော်အဆိုတော်များပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများအပြင် အစားအသောက်များရောင်းချသည့်ဈေးဆိုင်တန်းများပါ ထည့်သွင်းထားပြီး ည ၆ နာရီမှ ည ၁၀ နာရီထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှစ၍ ယနေ့ပွဲတော်နောက်ဆုံးရက်ထိ ပျော်ရွှင်စွာ လာရောက် ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

"ရန်ကုန်ကနေ ကလေးတွေ ကျောင်းပိတ်လို့ မန္တလေးကိုဘုရားဖူးထွက်လာရင်း ဒီပွဲတော်နဲ့ကြုံလို့လာခဲ့တာပါ။ မန္တလေးကျုံးအလှကို ရောင်စုံဆီမီးတွေရဲ့အလှနဲ့ ပေါင်းစပ်ပြီး ကြည့်ရတာသိပ်ကိုလိုက်ဖက်တဲ့ ပန်းချီကားတစ်ချပ်ကိုကြည့်နေရသလိုမျိုးခံစားရတယ်။ ပွဲတော်ရောက်အမှတ်တရဓာတ်ပုံတွေလည်းရိုက်ပြီးပါပြီ။ ဈေးဆိုင်တန်းတွေမှာလည်း မန္တလေးဒေသအစားအစာတွေ ဝယ်စားပြီးသွားလို့ အခုကလေးတွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းသွားနားထောင်မလို့ပါ"ဟု ရန်ကုန်မြို့မှ မိသားစုလိုက် လာရောက်လည်ပတ်သူ ကိုမောင်မောင်မျိုးက ပြောသည်။

ထို့အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ပွဲတော်သို့သူငယ်ချင်းများနှင့်အတူ လာရောက်လည်ပတ်ကြသည့် မရီရီတင့်ကလည်း "၆၆ လမ်းထောင့်မှာရှိတဲ့စေတီမှာ ဆီမီးတွေဝင်ပြီး ပူဇော်ခဲ့ပါတယ်။ မီးရောင်စုံတွေနဲ့အတူအမှတ်တရဓာတ်ပုံတွေ အားရပါးရရိုက်ခဲ့ကြတယ်။ ကျုံးနဲ့နီးတဲ့ဒီနေရာမှာ မီးထွန်းပွဲတော်ကျင်းပတာ၊ ဓာတ်ပုံရိုက်ရတာအဆင်ပြေလို့ သဘောကျပါတယ်။ အခုဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းဆိုတာ သွားအားပေးတော့မယ်"ဟု ပြောသည်။

သီတင်းကျွတ်ပွဲတော်ကာလသည် ရုံးပိတ်ရက်နှင့်ကျောင်းပိတ်ရက်ရှည်ကာလဖြစ်သည့်အတွက် မန္တလေးမြို့သို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါလာရောက်လည်ပတ်ကြသဖြင့် မြို့တွင်းရှိတန်ခိုးကြီးဘုရားများ၊ အထင်ကရ အပန်းဖြေနေရာများတွင် ခရီးသွားများဖြင့် စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရာ ကျုံးတောင်ဘက်ခြမ်းသို့ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် နေ့ညမပြတ်စည်ကားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခိုလမ်မြို့၊ ကွန်ဟိန်းမြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်



ခိုလမ်မြို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ်စုပေါင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ မြို့တွင်းလမ်းမကြီးတစ်လျှောက်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူကြသည်။

ဦးစွာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များက မြို့တွင်းလမ်းမကြီးတစ်လျှောက် အလှူခံကြွချီတော်မူကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တွင်လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

**ကြေညာချက်အမှတ် ( ၁/၂၀၂၄)**
**၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့်ဈေးကွက်ဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံများ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ % ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၉၅၀၀၀၀ ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ခုနှစ် မိုးစပါးနှင့် ၂၀၂၅ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) တို့သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။


# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း(Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့်ဧရိယာကိုသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်ကို သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀( တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

➤ ➤ ➤

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများကို ကျွေးမွေးဧည့်ခံရန် ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၈

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများကို ကျွေးမွေးဧည့်ခံရန် ငွေကြေးကောက်ခံနေကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှ စတင်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့များပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း၊ပြည်သူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေးလူပုဂ္ဂိုလ်၊ အဖွဲ့များက မနာလို၊ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန်သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ (၅၀၁)

## ရေနံချောင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရန်အတွက် လူငယ်ဦးရေ ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊သတင်းမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီက အောက်တိုဘာလအတွင်း စတင်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရန်အတွက် လူငယ်ဦးရေ ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရေနံချောင်းမြို့နယ်အတွင်း စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို ဖမ်းဆီးနေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေနံချောင်းမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို ရေနံချောင်းမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေများအတိုင်းသာ တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအထင်အမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်၊ ရေနံချောင်းမြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ယခုကဲ့သို့ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## ထူးခြားသည့် နေ့အပူချိန်များ (၁၈-၁၀-၂၀၂၄)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပဲခူး | ၃၆ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | ခရမ်း | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၆ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | ဇလွန် | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ဘားအံ | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အမ်း | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ဘီးလင်း | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၃၃ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# မင်းသမီး မထွေးလေးရဲ့ သူမတူတဲ့သဘင်ဂုဏ်ရည်

မောင်သင်းထုံ (ကျောက်မဲ)



မင်းသမီးမထွေးလေး

တကယ်မင်းသမီးပီသတဲ့ မင်းသမီးကိုပြပါဆိုရင် မထွေးလေးကို ပြရမှာပါ။ မထွေးလေးဆိုတာက ပရိသတ်သာမက သဘင်သည်ချင်းကပါ ချီးကျူးရတဲ့ မင်းသမီးပါ။ မန္တလေးသဘင်ခေတ် နှစ် ၁၀၀ မှာ တစ်ခေတ်ပေါ်လာတဲ့မင်းသမီးပါ။

မင်းသမီး မထွေးလေးဟာ ကိုယ်ပိုင်အကတီထွင်နိုင်သူပါ။ မထွေးလေးကို အခြားသူများတုလို့မရ၊ လိုက်လို့မမီနိုင်တဲ့အချက်ကတော့ မင်းသမီးဟန်အမူအရာ 'ကဲ 'ခြင်းပါပဲ။ ကိုယ်နေဟန်၊ လက်အနေအထားလှပပြီး၊ အနေအထိုင်လဲ တတ်သူပါ။

မထွေးလေးဟာ မင်းသမီး 'မှင်' အလွန်ကောင်းသူပါ။ မင်းသမီး မထွေးလေးဟာ ဇာတ်ခုံပေါ်မှာရပ်နေရင်တောင် ခြေတစ်ဖက်ကို ဖနောင့်ကြွ၊ ဒူးညွတ်၊ ကိုယ်ကလေးယို့၊ ခေါင်းကလေးမော့ပြီး မခို့တရို့နဲ့ နွဲ့နွဲ့နောင်းနောင်းနေသူပါ။ ရင်ကလေးကိုချီထားပုံက မထွေးလေးရဲ့ကိုယ်ပိုင် ဟန်ပါပဲ။ မထွေးလေးရဲ့ကကြိုးတွေထဲက 'ကိန္နရာ က'ဟာ အလွန်ကျော်ကြားပါတယ်။ မထွေးလေးရဲ့ကိန္နရာက ပုံသဏ္ဍာန်မျိုး၊ ဘယ်သူမှမကတတ်ဘူးလို့တောင် သဘင်ပညာသည်တွေက မှတ်ချက်ပြုကြပါတယ်။

မထွေးလေးရဲ့ ကိန္နရာကမှာကိန္နရာလေးအထက်ကိုပျံတက်တော့မလို အရှိန်ယူခတ်ပျံဟန်ခတ်ကတဲ့အကဟာ ကိန္နရာရင်ကွဲအကပါ။ ကိန္နရာပျံအကမှာဆိုညည်းရတဲ့သီချင်းက ငှက်ကျူးငှက်ညည်းသီချင်းပါ။ ကိန္နရာရင်ကွဲကတဲ့အခါ ဇာတ်သေတ္တာနှစ်လုံးဆင့်ထားတဲ့အပေါ်ပျံတက်လိုက်၊ ပြန်ဆင်းလိုက်ကရတဲ့အချိန်မှာ မထွေးလေးအသက်က ၄၀ ကျော်လောက်ရှိနေပါပြီ။ ကိန္နရာကတဲ့အခါ လှည့်ကြည့်လိုက်တဲ့ ငှက်ကြည့်ပုံစံမှာ လည်တိုင်ထားပုံက သိပ်လှတာမို့ မထွေးလေးကို ပရိသတ်က တကယ့်ငှက်ကလေးလားလို့တောင် ထင်မှတ်ကြရပါတယ်။

မထွေးလေးဟာ ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး မင်းညီနောင်ဇာတ်ကိုလဲ ကပါတယ်။ ဇာတ်လမ်းအရ မထွေးလေးက 'မယ်ဥ'လုပ်ရပါတယ်။ ကျားကြီးက ရက်ကန်းစင်ပေါ်ရှိ မယ်ဥကိုဆွဲချီပြီးမသွားတော့ မထွေးလေးရဲ့ ကျားချီခံပုံက အလွန်ကောင်းပါတယ်။ မထွေးလေးရဲ့ကျားချီခံရပုံမှာ အမူအရာကဖြင့်ရှားပါးတဲ့အခန်းလို့တောင် ပရိသတ်က ပြောကြပါတယ်။ အခြားမင်းသမီးတွေက မထွေးလေးကိုတုကြပေမဲ့ မထွေးလေးအတိုင်းပဲလို့ ပြောနိုင်အောင်မတုနိုင်ကြပါဘူးတဲ့။

နောက်ထူးခြားတာက မထွေးလေးရဲ့ ထဘီအနားခတ်ပြီးကပုံပါပဲ။ မင်းသမီးတွေထဲမှာ ဥက္ကလာအေးကြည်ဟာ မထွေးလေးရဲ့ထဘီအနားခတ်ဟန်နဲ့ မေးထိုးပုံကို တုခဲ့သူပါ။ မင်းသမီးသြဘာသောင်းကိုလည်း ရင်ကလေးချီထားပုံနဲ့ ထဘီအနားခတ်ကပုံက မထွေးလေးနဲ့တူတယ်လို့ပြောကြပါတယ်။ မထွေးလေးရဲ့ထဘီအနားခတ်ပုံက အလွန်ယဉ်တယ်။ အလွန်လဲအကဲပါတယ်။ မထွေးလေးရဲ့ထဘီအနားခတ်ပုံက ခြေထောက်နဲ့ ထဘီအနားကိုသပ်ပြီး လက်ဖျားလေးနဲ့ ဖမ်းကောက်လိုက်တာမို့ယဉ်တယ်။ မထွေးလေးဟာ ပတ်မချက်နဲ့ မလွတ်အောင်ခြေခတ်နိုင်တဲ့ မင်းသမီးလို့ပြောကြပါတယ်။ မထွေးလေးဆိုတာ အကကောင်းအမူအရာပါတဲ့ မင်းသမီးဖြစ်ရုံမကသေး၊ ရုပ်ကလည်းချော၊ မျက်လုံးကလည်းတစ်ဖက်လူကို ထူးထူးကဲကဲ ဖမ်းစားနိုင်သူပါ။ ကိုယ်လုံးကိုယ်ပေါက်နဲ့ လုံးရပ်သဏ္ဍာန်က အလွန်လှတယ်။ အသားလတ်တယ်။ ခြေ၊ လက် သေးသွယ်တယ်။ မဟာနဖူးရှိပြီး နှာခေါင်းပေါ်မှာ မှဲ့ကြီးတစ်လုံးရှိပါတယ်။ နှာတံပေါ်ပေါ် မျက်လုံးကအလွန်လှ၊ မျက်အိမ်မို့မို့နဲ့ သမင်မျက်လုံးမျိုးရှိတယ်။ ရွှာစားစိန်ဗေဒါကြီးရဲ့ဇနီး မင်းသမီး ဒေါ်စိန်မေကတော့ မထွေးလေးကို အလှအင်္ဂါရပ်တွေနဲ့ စုံညီတဲ့မိန်းမလို့ပြောပါတယ်။ နဖူးကျပုံ၊ နားနောက်ဆံအိတ်ကျပုံက စလှတာ။ အသံချိုပြီး အထူးကဲဆုံးကတော့ သူရဲ့မျက်လုံးအကြည့်ကို မခံနိုင်ကြဘူးလို့ ဆိုပါတယ်။

"မစိန်ကြည်ရေ့..ကြည့်ထားနော်၊ ဟိုနားထိုင်နေတဲ့နာခံတော်မင်း၊ ငါ့အနားရောက်လာအောင်၊ ဒီကနေလုပ်ပြမယ်" ညှော့ခံပွဲတစ်ခုမှာ သီချင်းဆိုနေရင်းက မျက်လုံးနဲ့ခေါ်လိုက်တာ၊ နာခံတော်မင်းတောင် ထိုင်နေရာကထလာရတဲ့အဖြစ်ကြုံဖူးသတဲ့။ မထွေးလေးဆိုတာ လှကလဲလှ၊ တတ်ကလဲတတ်၊ ဆော့ကလဲဆော့ဆိုတော့ သူနဲ့တွေ့ရင် ဘယ်ယောကျ်ားမှမတိမ်းညွတ်ဘဲ မနေနိုင်ကြဘူးတဲ့။

မထွေးလေးဆိုတာက အသံအကောင်းကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုတတ်သူပါ။ သူ့အသံနဲ့ ပွဲခင်းတစ်ခုလုံးကို လွှမ်းသွားအောင် ထိန်းနိုင်စွမ်းရှိပါတယ်။ သူအဆိုတတ်သလို၊ အခြားသူများကိုလဲ အဆိုတတ်အောင် သင်တတ်ပါတယ်။ ယောကျ်ားမင်းသမီး အောင်ဗလတို့၊ အငြိမ့်မင်းသမီးသြဘာသောင်းတို့ဟာ အသံမရှိကြတော့ ဆိုတတ်အောင် မထွေးလေးက သင်ပေးတယ်။ အောင်ဗလငိုတဲ့အခါ သံမှန်နဲ့မငိုဘဲ ဆစ်ကြီးသံနဲ့ အငိုခိုင်းတာ မထွေးလေးပါ။

မင်းသမီးလုပ်တဲ့သူတွေဆိုတာ လူ့ဘဝကို အူမချေးခါးမကျန် သိထားကြဖို့လိုသလို၊ ဘဝသရုပ်ကိုလဲ ဖော်ထုတ်ဖို့လိုပါတယ်။ မထွေးလေးဆိုတာက သီချင်းအဆိုတတ်တဲ့အပြင် အပြောကလဲကောင်းသူပါ။ မထွေးလေးကတော့ ဘဝသရုပ်ကို ပါးစပ်ကရော၊ ဟန်အမူအရာနဲ့ပါ အကွက်စေ့အောင် ဖော်တတ်ပါတယ်။ ဇာတ်လမ်းဇာတ်ကွက်ကိုဖော်တဲ့အခါ မထွေးလေးဟာ ပြောပေါက်ဆိုပေါက်အလွန်ကျပြီးမှ အလွန်ကောင်းတဲ့အပြောမျိုးလဲ ပြောနိုင်တယ်။

မထွေးလေးဟာ လွမ်းခန်းတွေမှာ ငိုချင်းဆိုတော့ အများကြီးဆို၊ အကြာကြီးငိုမနေပါဘူး။ ပွဲကြည့်ပရိသတ်တွေက မထွေးလေးရဲ့ပြောပုံ၊ အသံနေအသံထား၊ လေယူလေသိမ်းကိုကြားပြီး ရင်ထဲကနေ တကယ်လွမ်းစေသူပါ။ မထွေးလေးက သူ့ရင်ထဲကနေ တကယ်လှိုက်လှိုက်လှဲလှဲရှိတဲ့ အရှိက်အပင့်လေးတွေနဲ့ဆိုတော့၊ ဇာတ်ခုံပေါ်မှာ အတူတူကနေကြတဲ့သူအချင်းချင်းတောင်မှမနေနိုင် မျက်ရည်ကျရတယ်။

ပွဲကြည့်ပရိသတ်တွေကို လွမ်းစေအောင် ဆွဲဆောင်ဖို့က မင်းသမီးရဲ့လေတည်လေထား၊ လေယူလေသိမ်း၊ အရှိက်အပင့်၊ အဖြတ်အတောက်နဲ့ဆိုင်တယ်။ မထွေးလေးဆိုတာက ပွဲကြည့်ပရိသတ်ကိုလွမ်းအောင် အသံနဲ့ပြုစားနိုင်တဲ့သူပါ။ မထွေးလေးပဋ္ဌာစာရီဇာတ်များကရင်၊ မထွေးလေးရဲ့အပြောအဆိုအရှိက်အမဲ့၊ အသယ်အပိုးကကောင်းလွန်းတော့၊ ဇာတ်ခုံပေါ်မှာအတူကနေကြတဲ့သူတွေတောင်မှ မနေနိုင်မျက်ရည်ကြရတော့တာတဲ့။

မထွေးလေးရဲ့ ပညာရည်နဲ့ပတ်သက်လို့ ဇာတ်ဆရာဦးဖိုးစိန်ပြောဖူးတာက အမေထွေးငိုတဲ့ငိုချင်းမျိုး၊ ခုနေငိုပြရရင် ဆိုင်းသမားကတီးလုံးမှတ်ပြီး လိုက်တီးလိမ့်မယ်တဲ့လေ။ မထွေးလေးရဲ့ငိုချင်းက အခြားသမားရိုးကျ ငိုသံတွေနဲ့မတူဘူး။ ဒီအသံမျိုးငိုသဟဆိုပြီး ဆိုင်းသမားတွေက မထွေးလေးရဲ့ငိုချင်းသံကိုမကြားဖူးတော့ သီချင်းအသံသစ်၊ တီးလုံးတီးကွက်အသစ်ထင်ပြီး လိုက်တီးကြမှာကိုပြောတာပါတဲ့။

ပဋ္ဌာစာရီဇာတ်ကတော့ မထွေးလေးဆိုတာ သားနှစ်ယောက်ကသေ၊ လင်ကမြွေပေါက်လို့ဆုံး၊ အားကိုးရာမဲ့ပြီး မိဘရပ်ထံပြန်တော့ လေကြီးမိုးကြီးကျလို့ မိဘတွေဆုံးပြန်ရော။ မောင်လေးသုံးယောက်ကအိမ်ပြိုလို့သေ မိန်းမသားတစ်ယောက်ရဲ့အပူသည်ဘဝ၊ သင်္ချိုင်းကုန်းကအခုပဲ သင်္ဂြိုဟ်ပြန်လာကြတဲ့လူတွေမေးလို့ အကြောင်းစုံသိလိုက်ရတဲ့ ပဋ္ဌာစာရီအဖြစ် မထွေးလေးသရုပ်ဆောင်ရတဲ့အခါ မျက်ရည်စက်လက်နဲ့ ငိုရာကပြုံးရယ်လာပြီး စိတ်ဖောက်ပြန်စပြုလာတာကို သရုပ်ဆောင်ရတယ်။

ပဋ္ဌာစာရီဆိုတာ အပူလုံးကြွပြီး စိတ်ဖောက်ပြန်သွားတဲ့အခါ တွေ့သမျှလူကို တို့လား၊ ဆိတ်လားလုပ်၊ သစ္စာထားလိုထား၊ ပေါက်ကရသီချင်းတွေဆို၊ ကလိုက၊ ငိုလိုငို၊ ပြီးတော့ ရှေ့ကလူကို နှပ်ချေးနဲ့ပက်၊ လူကောင်းပကတိက သွက်သွက်ခါအောင် ရှုံးသွားတဲ့အခန်းမှာ မထွေးလေးရဲ့ ပဋ္ဌာစာရီအဖြစ် သရုပ်ဆောင်ပုံများ၊ ကောင်းလွန်းလို့ ပွဲကြည့်ပရိသတ်ဆိုတာ ဘယ်လူမျိုးမှမခံနိုင်တော့ဘဲ ရင်ထုမနာဖြစ်ကြရတာတဲ့။ ဇာတ်အရ နောက်ဆုံး ပဋ္ဌာစာရီဆိုတာ ခါးကထဘီကျွတ်တဲ့ထိ ရူးတဲ့အခန်းကိုကတော့၊ မထွေးလေးက အသားကပ်ဘောင်းဘီချွန်၊ ထမီကိုချွတ်ပြီး လိုက်ကာထဲပြေးဝင်သွားတဲ့အခန်းမှာ သရုပ်ပါလွန်းလို့ ကာလသားတွေက ကြိုက်လိုက်ကြတာတဲ့လေ။

"ခုခေတ်မင်းသမီးတွေ မထွေးလေး ကသလောက်တောင်မှ ကြည့်မကောင်းကြပါဘူး"လို့ မထွေးလေးကို သိမီတဲ့လူတွေက ပြောကြတယ်။ ပဋ္ဌာစာရီဇာတ်ထဲမှာ ပဋ္ဌာစာရီက သူ့အိမ်က သူရင်းငှားကိုဒါသနဲ့ကြိုက်လို့ ချိန်းတွေ့နေတာကို မသွားနိုင်အောင် သူ့အမေကြီးက ပဋ္ဌာစာရီကို အချိန်ဆွဲထားပြီး အနင်းအနှိပ်ခိုင်းထားပုံမှာ "စံစပယ်သည်ဝယ်သာ ခုညာညီရယ်၊ ဘုံလယ်တွေငယ်မှာ"ဆိုပြီး ဆိုင်းချက်နဲ့ အမေကြီးကိုနင်းလိုက် ကလိုက် သီချင်းဆိုလိုက်နဲ့ မထွေးလေးတို့ကပုံများ ကြည့်လို့တယ်ကောင်းဆိုပဲဗျာ။

မထွေးလေးပဋ္ဌာစာရီဇာတ်ကတော့ ကိုဒါသလုပ်ခဲ့ကြတာက ဦးဖိုးကွန်းနဲ့ အီကင်းကိုကြီးမောင်တဲ့။ ကိုဖိုးကွန်းသေတော့ ပဋ္ဌာစာရီဇာတ်ကတာများလို့သေရတာ။ ဒီဇာတ်က နယ်တွေမှာပွဲတောင်းလို့ခဏခဏကရတော့၊ နောက်ပွဲတွေမှာ ကိုဒါသလုပ်ရတဲ့ ကိုကြီးမောင်က "ငါလဲ ဒီဇာတ်သာ ကနေရရင်တော့ အသက်တိုမှာပဲလို့" ပြောသတဲ့။ ကိုကြီးမောင်မရှိတဲ့နောက်ကို ပျံကျမင်းသားတွေနဲ့ တွဲကရတော့လဲ မထွေးလေးရဲ့ ပဋ္ဌာစာရီကို ပွဲတောင်းကြဆဲပဲတဲ့။

၁၂၂၉ ခုနှစ်အင်္ဂါနေ့မှာ မွေးတဲ့သမီးမထွေးလေးရဲ့ အမည်ရင်းက 'ခင်ထွေး'တဲ့။ မန္တလေးဗောဓိကုန်းဇာတိ၊ ငယ်စဉ်က သီပေါမင်းရဲ့မိဖုရားကြီး အစ်မတော်စုဖုရားကြီးနဲ့ ညီမတော် စုဖုရားလတ်တို့ဆီမှာ ခစားရတဲ့အပျိုတော်ပါ။ အပျိုတော်တွေထဲမှာ အငယ်ဆုံးအထွေးဆုံးမို့ နန်းတွင်းက ချစ်စနိုးနဲ့ 'ထွေးလေး'လို့ ခေါ်ခဲ့ကြတာတဲ့။ မထွေးလေးဟာ မင်းမျိုးမင်းနွယ်ပါ။ မထွေးလေးလှူခဲ့တဲ့ လောကတန်ဆောင်ဘုရားရဲ့ ကျောက်စာမှာ မထွေးလေးဟာ ဘိုးတော်ဘုရားရဲ့ မြေး၊ ကသည်းမင်းသား မင်းသီဟနဲ့ ဒေါ်မမကြီးတို့ရဲ့သမီးလို့ ဖော်ပြထားပါတယ်။

မထွေးလေးရဲ့အက၊ မထွေးလေးရဲ့ဟန်အမူအရာ၊ မထွေးလေးရဲ့ ဇာတ်စီးပုံတွေဟာ ဒီနေ့အထိ သူ့ကိုမှီတဲ့သူ မပေါ်သေးပါ။ နောင်လည်းပေါ်ဖို့ရာ မလွယ်သေးပါလို့ သဘင်ရည်ဝတဲ့သူတွေကတော့ ပြောကြပါတယ်။

မထွေးလေးဟာ မင်းသမီးကဲပါလွန်းတဲ့ မင်းသမီးပါ။ သူက ဘယ်တော့မှ ရိုးရိုးကြီးလုပ်သူမဟုတ်။ မတ်တပ်ရပ်နေပုံကစလို့ ဘယ်တော့မှ ခြေစုံမရပ်၊ မတ်မတ်ကြီးမနေ၊ ကိုယ်ကလေးကိုယို့၊ ခေါင်းကလေးကိုမော့ပြီးမှ ရပ်နေတတ်ပါတယ်။ မထွေးလေးရဲ့ ကကြိုးတွေထဲက ကိန္နရာအကဟာ အလွန်နာမည်ကျော်တာမို့ သဘင်ပညာသည်ကြီးတွေအားလုံးကပါ တညီတညွတ်တည်း ချီးကျူးရတဲ့အထိ သဘင်ပညာမှာ ကျော်ကြားခဲ့သူဖြစ်ပါတော့တယ်။

**❖ မထွေးလေးဆိုတာက အသံအကောင်းကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုတတ်သူပါ။ သူ့အသံနဲ့ ပွဲခင်းတစ်ခုလုံးကို လွှမ်းသွားအောင် ထိန်းနိုင်စွမ်းရှိပါတယ်။ သူအဆိုတတ်သလို၊ အခြားသူများကိုလဲ အဆိုတတ်အောင် သင်တတ်ပါတယ်။ ယောကျ်ားမင်းသမီး အောင်ဗလတို့၊ အငြိမ့်မင်းသမီး သြဘာသောင်းတို့ဟာ အသံမရှိကြတော့ ဆိုတတ်အောင် မထွေးလေး ကသင်ပေးတယ်။ အောင်ဗလငိုတဲ့အခါ သံမှန်နဲ့မငိုဘဲ ဆစ်ကြီးသံနဲ့အငိုခိုင်းတာ မထွေးလေးပါ။ မင်းသမီးလုပ်တဲ့သူတွေဆိုတာ လူ့ဘဝကို အူမချေးခါးမကျန် သိထားကြဖို့လိုသလို၊ ဘဝသရုပ်ကိုလဲ ဖော်ထုတ်ဖို့လိုပါတယ်။ မထွေးလေးဆိုတာက သီချင်းအဆိုတတ်တဲ့အပြင် အပြောကလဲကောင်းသူပါ။ ❖**

**ကိုးကား**

- လူထုဒေါ်အမာရဲ့ ပြည်သူချစ်သောအနုပညာသည်များ

ဝတ္ထုတိုကဏ္ဍ

# မျိုးဆက်သစ်တို့ ရှင်သန်စေ

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

"အေး ဒါဆိုလဲ ကောင်းပါလေ့ကွာ။ ခန္ဓဲထိုးလို့ရေကျမဲ့ဘက်မှာလဲ ဒိုင်းဝန်းတစ်လက်စီခံထားကြအုံးကွ"ဟု သူ့ဝသီအတိုင်းပြောပြန်လေရာ–

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ခံထားပြီးပါပြီ"

ကာလသားတစ်ယောက်က တမင်လုပ်ထားသောရိုသေသံဖြင့် ပြောလေရာ ဝိုင်း၍ရယ်ကြပြန်သည်။

"ကဲ... ကဲ...ထိုင်နေလို့မပြီးသေးဘူး။ ခန္ဓဲဆင်ကြဟေ့။ တော်ကြာနေပြင်းလာတော့မယ် လာကြလာကြ" ဟု ဖိုးနီက ဆော်သြကာခန္ဓဲဆင်ကြလေ၏။ မကြာခင် ခန္ဓဲငါးလုံးတန်းစီဆင်ကာ တအုန်းအုန်းတဝုန်းဝုန်းနှင့်ရေကိုကော်ယူသံ၊ တမံတစ်ဖက်သို့ကျော်ကာ ရေသွန်သံတမြိုင်မြိုင်ကြီးထွက်ပေါ်လာလေတော့၏။

ဦးသာကျော်က ထီးရိုးဝါးသွယ်သွယ်တစ်လုံးကိုင်ကာ ရေအနက်ကို ထိုးဝါးဖြင့်လိုက်လံစမ်းသပ်နေရာ ငါးရံ့များကလန့်ဖျပ်ကာ ဝုန်းခနဲနေအောင်ထထခုန်လေတော့ရာ–

"ဖိုးနီရေ မင်းတို့တော့ ပင်ပန်းရကျိုးနပ်ပကွ။ ငါးရံ့တွေကိုမနည်းဘူး။ ငါးဘတ်ကြီးတွေလဲရှိမယ်ကွ။ ကြိုးစားကြဟေ့"ဟု အားပေးလေသည်တွင် ခန္ဓဲထိုးနေသောလူငယ်များအားတက်ကာ ကြိုးစားပမ်းစားပက်ထုတ်ကြလေ၏။

ရေတစ်ဝက်မကခန်းသွားလေလျှင် ရေနည်းလာ၍ နေရသွားရကျဉ်းကျပ်လာသောငါးများ ပွက်ပွက်ထအောင်ခုန်ကြပေါက်ကြနှင့် ဆူညံနေတော့၏။

ဦးသာကျော်သည် ခန္ဓဲငါးလုံးကိုမရပ်နားစေဘဲ လူလဲနှင့် တစ်ယောက်တစ်လဲပက်စေကာ သူကိုယ်တိုင်ကမူ ခါးလယ်ခန့်ရေထဲသို့တဖြည်းဖြည်းဆင်းကာ ဟိုဟိုသည်သည်စမ်းရင်း မျက်နှာကြီးပြုံးပြုံးပြုံးပြုံးနှင့်ပြန်တက်လာ၏။

"ပက်ထားကြဟေ့၊ ပက်ထားကြ။ ခဏနားတဲ့ကောင်တွေက အမိုးအောက်ဝင် ရေနွေးကြမ်းနဲ့ထန်းလျက်ခဲစားကြကွာ။ နေတောင်အတော်မြင့်လာပဟေ့။ ဆွမ်းစားပြီးချိန်လောက်ကို ခန်းနိုင်ပါတယ်ကွ။ ငါးကြီးငါးကောင်းတွေတင်မကဘူး ဟေ့။ အနှစ်နှစ်အလလက ပွားချင်တိုင်းပွား၊ ကြီးချင်တိုင်းကြီးနေကြတဲ့ပုစွန်တုပ်ကြီးတွေဟာ မနည်းဘူးဟေ့။ ပက်ထားကြပေတော့"

"တကယ်လား အဘ။ ကျိန်းသေတယ်နော်" ဟု ဖိုးနီက ဝမ်းသာအားရသံကြီးနှင့်မေးလေရာ–

"တကယ်ပေါ့ကွ။ ငါခုနကဆင်းပြီးစမ်းကြည့်တာ နှုတ်ခမ်းမွေးတွေနဲ့ ပုစွန်တုပ်ကြီးတွေစမ်းမိတယ်ကွ။ ရေနည်းနည်းလိုက်လာတော့ ဒိုက်ဖတ်တွေအောက်မှာခိုနေကြသဗျာ"

ဝမ်းသာအားရပြောကာ ကိုင်းပင်အမိုးအောက်ဝင်ထိုင်ပြီး ရေနွေးကြမ်းသောက်လေ၏။ လူငယ်များကဲ့သို့ အင်တိုက်အားတိုက်၊ ပင်ပင်ပန်းပန်းမလုပ်ရသော်လည်း မောနေပြီး အသက်ရှူမမှန်တော့ပြီ။ ညိုညစ်ညစ်ကျောပြင်နှင့် ရင်ဘတ်တစ်လျှောက်ချွေးပွင့်ကလေးတွေကနေစို့စို့တက်လာကာ ချွေးပွင့်လေးကနေချွေးပွင့်ကြီးဖြစ်၊ ချွေးပွင့်ကြီးတွေပေါင်းကာ ချွေးစီးကြောင်းဖြစ်ကာ တသွင်သွင်စီးကျလျက်ရှိနေပြီ။ ထိုအခါအရိပ်အောက်တွင် တင်ပျဉ်ခွေထိုင်ကာ ထန်းလျက်ခဲကိုက်နေသော ကိုရွှေဖောင်က–

"တော်တော်ပူတဲ့နေဗျာ။ အခုနေများ အဘပြောတဲ့ ပုစွန်တုပ်လက်မကားကြီးတွေကို ရဲနေအောင်မီးဖုတ်၊ အခွံခွာ၊ ငရုတ်သီးစိမ်းစပ်စပ်ထောင်းထည့်ပြီး ရှောက်သီးနဲ့များ သုပ်စားလိုက်ရရင်"ဟု ပြောကာ ရီးခနဲသွားရည်သိမ်းလိုက်သေး၏။ ဦးသာကျော်က ဦးရွှေဖောင်ကို မျက်စောင်းတစ်ချက်လှမ်းထိုးလိုက်ရင်း–

"ဖိုးနီရေ တောင်းတွေ၊ ပလုံးတွေကောစုံစုံပါရဲ့လားကွ။ ငါကတော့ တခြားမစားချင်ပါဘူးကွာ။ ငါးရှဉ့်ပါးနီကိုငွေးသီးကလေးနဲ့ချက်စားချင်သဟေ့။ ဒူလာ တကယ်ကောင်းတာကွ"

"ပါပါတယ်အဘရဲ့။ ဒူလာအတွက်ဆိုရင်တော့ ငွေးသီးနဲ့စားတာထက် ငွေးဖူးနုနုကလေးနဲ့ချက်စားအဘရဲ့။ ပြီးတော့ ငါးရှဉ့်ပါးနီထက် ငါးရှဉ့်ပါးမွဲက ပိုကောင်းတယ်လို့ အဘဦးမောင်ပုက ပြောဖူးတယ်အဘရဲ့။ ကျွန်တော်တောင် တစ်ခါချက်စားတာ ချဉ်ဖန့်ဖန့်ကလေးနဲ့ တကယ်ကောင်းဗျာ"

"ဟော့... စားကောင်းတာပြောရရင်လက်မောင်းလောက်ငါးဖရုံ (တချို့က သဘော်ပေါက်ဟုခေါ်ကြ၏။) ကို လက်လေးသစ်လောက်ပိုင်းပိုင်းပြီး အုန်းနို့ကလေးနဲ့များနှပ်ပြီး စားလိုက်ရရင် ဆွေမေ့မျိုးမေ့ချင်လာပြီဗျို့။ ရေဘယ်လောက်ခန်းပြီလဲသွားကြည့်အုံးမယ်"

ဦးရွှေဖောင်က ပြောပြောဆိုဆိုအမိုးအောက်မှထွက်သွားလေရာ ဖိုးနီရော ဦးသာကျော်ပါထလိုက်သွားကြ၏။ လူငယ်များမနားတမ်း အားနှင့်အင်နှင့်ပက်ထုတ်လိုက်ကြသဖြင့် ရေအတော်ခန်းလာပြီ။ ငါးဘတ်ကြီးများ၊ ငါးဖယ်ကြီးများလွှားခနဲလွှားခနဲခုန်၍ပျံ၍တက်လိုက်၊ ဗွမ်းခနဲဗွမ်းခနဲပြန်ကျလိုက်နှင့်ဖြစ်နေသည်ကိုမြင်နေရသော ငါးပက်သူများ ရွှင်မြူးနေကြတော့၏။

"မမလေးထဘီဖိုး ကြိုးစားလိုက်ကြဟေ့"ဟု ကိုတင်ကြိုင်ကအော်၍အားပေးနေလေ၏။ ငါးပက်နေသည့်ရေအိုင်ကြီး၏ ပတ်လည်တွင် လာရောက်ကြည့်ရှုကြသူများ၊ လက်ကျန်ငါးကလေးများကို ကောက်သင်းကောက်မည့်သူများနှင့် စည်ကားနေပါပြီ။ သူတို့ အရပ်ဓလေ့အရ တမံပက်သည် ဖြစ်စေ၊ အိုင်ပက်သည်ဖြစ်စေ မည်သူကမျှ ငါးပုစွန်များအကုန်အစင်ဖမ်းမယူကြချေ။

စျေးကောင်းရသည့်ငါးရံ့၊ ငါးဖယ်၊ ပုစွန်တုပ်၊ ငါးခူ၊ ငါးကျည်းတို့လောက်သာဖမ်းယူကြပြီး ကျန်ငါးနုတ်၊ငါးဖွဲများဖြစ်သောငါးဖျင်းသလက်၊ ငါးမေ့တော့၊ ငါးခုံးမစသည့် တန်ဖိုးနည်းသော ငါးကလေးများချန်ရစ်ခဲ့ကြ၏။ ထိုငါးပေါက်စကလေးများကို ကလေးငယ်များ၊ ဟင်းစားရှာသူများကောက်သင်းကောက်စေရန် ချန်ထားကြစမြဲဖြစ်ကြပါ၏။

မွန်းလွဲနှစ်နာရီခန့်တွင် တမံမြေသားပေါ်လေပြီ။ ရေသည်ပင်တစ်ထွာတစ်မိုက်မျှကျန်တော့၏။ ရေနည်းနည်းရေစပ်စပ်တွင်ငါးတွေပေါ်နေကြပြီ။

"ဟော့...ဟော့...လူများများမဆင်းကြနဲ့ဟေ့။ လူများရင် ခြေရာခွက်တွေများပြီး ငါးတွေပျောက်ကုန်မယ်"ဟု ဖိုးနီကဟန့်တားရင်း လူငါးယောက်ကိုသာ တောင်းတစ်လုံးစီပေးပြီး ရင်ပေါင်တန်းကာ ဖမ်းယူစေလေ၏။

"ဟော့...ဟော့...တင်အုံးရေ။ မင်းရှေ့ကငါးပြေမကြီးသုံးကောင်လောက် ပစ်တင်လိုက်ဟေ့"

"ဘာလုပ်ဖို့လဲ အဘရဲ့"

"ပစ်သာတင်လိုက်ပါကွာ၊ လုပ်စရာရှိလို့ဟေ့"

ပြောရင်း ဦးသာကျော်သည် ပစ်တင်လိုက်သော ငါးပြေမကြီးသုံးကောင်ကိုဖမ်းကာ အမိုးအောက်သို့ဝင်သွားလေ၏။

လူကြီးလက်ဝါးခန့်ရှိပြီး ဝါထိန်ဆူဖြိုးလှသော ငါးပြေမကြီးများကို ဝါးစိမ်းကိုင်းဖြင့်ပါးစပ်မှအမြီးပေါက်အောင်ထိုး၍ တံစို့လုပ်ကာဘေးရှိကောက်ရိုးခြောက်များကို မီးရှို့ကာတင်လေ၏။ အနည်းငယ်အပေါ်ခွံတင်းလာလျှင် ဆီကလေးခပ်ပါးပါးသုတ်၍ကင်ပြန်လေ၏။ ပြီးလျှင်ငါးပြေမကင်ကြီးကိုဖွဲ့ကာဖွဲ့ကာဆားနှင့်တို့၍ ရေနွေးကြမ်းနှင့်မြည်းရင်းဖိုးနီတို့ငါးဖမ်းနေကြသည်ကိုထိုင်၍ ကြည့်နေလေ၏။

နှစ်ရှည်လများရေခန်းအောင်မပက်နိုင်၍နှစ်ချို့ကျန်နေရစ်သော ပုစွန်တုပ်လက်မကားကြီးများ၊လက်မဝါများ၊ ပြောင်ထုပ်ကြီးများ၊ ဆတ်ထုပ်ကြီးများရသဖြင့် အိုင်ပက်သူများပျော်ရွှင်နေကြတော့၏။ ထိုအခိုက်–

"ဟော့... ဟော့...ကောက်သင်းကောက်မဲ့သူတွေတစ်ယောက်မှမဆင်းကြနဲ့နော်" ဟူသော ဖိုးနီ၏ အော်ဟစ်ဟန့်တားသံကိုကြားလိုက်ရပြီးတစ်ဆက်တည်းမှာပင်–

"ဒါက ဘာသဘောလဲဖိုးနီရဲ့။ နင်တို့လဲ ငါးကြီးငါးကောင်းတွေကုန်အောင်ကောက်ပြီး ဖမ်းပြီးပြီပဲ။ ငါတို့က နွံထဲနုန်းထဲက ကပ်သပ်ကျန်တဲ့ငါးနုပ်ငါးဖွဲလေးတွေ ဟင်းစားကောက်သင်းကောက်မှာ ဘာဖြစ်လို့မဆင်းရမှာလဲ ဆင်းမယ်၊ဆင်းမယ်"ဟု ရန်တွေ့သံကို ကြားရလေရာ ဦးသာကျော် မနေသာတော့။

သောက်လက်စရေနွေးကြမ်းခွက် အသာချကာ ထွက်လာခဲ့ရတော့၏။

"မဆင်းနဲ့ဆိုတစ်ယောက်မှမဆင်းနဲ့။ ငါတို့လုပ်စရာရှိသေးတယ်"

"ဟော့ကောင် ဖိုးနီ။ လောဘကြီးလှချည်လားကွ။ တစ်ရွာတည်းသားချင်းတွေပါကွ။ ပြီးတော့ ဒါဟာ ထုံးစံပဲကွ။ ငါတို့တံငါတွေ ဟိုးမိဘဘိုးဘွားလက်ထက်ကတည်းက လုပ်လာခဲ့တဲ့စည်းကမ်းကွ။ မင်းတို့စိတ်ကြိုက်ဖမ်းယူပြီးပြီပဲဟာ။ ကျန်တာကောက်တော့ ဘာဖြစ်လဲကောက်မယ်ကွာ"

ရွာတောင်ပိုင်းက အရက်သမားအောင်ရှိန်းက ဒေါသသံဖြင့်ပြောသည်။ "ဟော့...ဟော့...တော်ကြစမ်း၊ တော်ကြစမ်း။ ဘာမဟုတ်တာလေးတွေနဲ့ရန်ပွဲဖြစ်ကုန်မယ်" ဟု ဦးသာကျော်ကဝင်ဟန့်ပြီး–

"အောင်ရှိန်းကော၊ ကျန်တဲ့ကောက်သင်းကောက်မဲ့သူတွေကော ခဏစောင့်ဟေ့။ ငါရှင်းပေးမယ်"ဟု ဆိုကာ ဖိုးနီလက်ကိုဆွဲပြီး ယာယီတဲထဲသို့ခေါ်လာခဲ့၏။

"ကဲ... ပြောစမ်း ဖိုးနီ။ မင်းတို့ ငါးဖမ်းတာမပြီးသေးဘူးလား"

"ပြီးပါပြီ ဘကြီး"

"ဒါဖြင့် ဘာဖြစ်လို့ သူတို့ကိုမဆင်းခိုင်းရတာလဲ"

"ကျွန်တော်လုပ်စရာရှိသေးလို့ပါ"

"မင်းပြောတော့ ဖမ်းလို့ပြီးပြီဆို။ ဒါဆို ဘာလုပ်စရာရှိသေးလို့လဲကွ"

ဖိုးနီအပြောရခက်ဟန်ဖြင့် ငြိမ်နေသည်။ ဒါကိုအားမလိုအားမရဖြစ်နေသော ဦးသာကျော်က–

"ပြောလေကွာ ဖိုးနီ။ ဘာလုပ်စရာရှိသေးလို့တုံး"

ခပ်ငေါက်ငေါက်မေးလိုက်မှ–

"အခုငါးတွေ၊ ပုစွန်တွေဖမ်းပြီးတာတော့ဟုတ်ပါတယ်။ ဒါပေမဲ့ နွံထဲနုန်းထဲမှာကျန်နေတဲ့ ငါးရှဉ့်တို့၊ ငါးဖရုံတို့၊ ငါးကျည်း၊ ငါးခူတို့ကိုဆက်ဖမ်းချင်သေးလို့ သူတို့ကို မဆင်းခိုင်းတာပါ"

"ဟေ... အဲဒါတွေကို မင်းတို့ကဘယ်လိုလုပ်ဖမ်းအုံးမလို့လဲကွ။ ခုနမင်းတို့ဖမ်းတဲ့အထဲမှာလဲ အတော်ရနေသားမဟုတ်လား။ နွံထဲနုန်းထဲ ကျန်တာများထားလိုက်စမ်းပါကွ။ နှမြောမနေပါနဲ့တော့"

"မဟုတ်ဘူးအဘရဲ့။ တောဘက်ကလာတဲ့ သူငယ်ချင်းက ပြောထားတာရှိလို့ဖမ်းကြည့်မလို့ပါ"

"သူတို့က ဘာတွေပြောသွားလို့ မင်းက ဘယ်လိုများဖမ်းမလို့လဲ။ ပြောစမ်းပါအုံး"

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၃၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၃၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၉၄၉၅ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၀၃၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါး ၁၀၉၄၉၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးအခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဖြင့် မင်းလှသာစည်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့်တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းလှသာစည်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၇၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၂ ဒသမ ၇၈ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင် (ပျော်ဘွယ်)**

➤ **စာမျက်နှာ ၂၄ မှအဆက်**

“သူတို့ပြောသွားတာက ရေခန်းလို့ပေါ်လာတဲ့ ငါး၊ ပုစွန်တွေအကုန်ဖမ်းပြီးပေမဲ့လဲ ကျွန်တော်တို့မမြင်နိုင်တဲ့နွံထဲနုန်းထဲမှာ အများကြီးရှိနေသေးသတဲ့။ အဲဒါဘယ်လိုဖမ်းရမလဲဆိုတော့ တာလပတ်စဖြစ်ဖြစ်၊ မိုးကာဖြစ်ဖြစ် နွံပြင်တစ်ခုလုံးကိုလုံအောင်အုပ်ထားလိုက်၊ အပေါ်ကနေ အပူရှိန်ကလဲပြင်းတော့ နုန်းထဲနွံထဲမှာရှိတဲ့ သတ္တဝါမှန်သမျှအသက်ရှူလို့မရတာနဲ့ အကုန်လုံးမြေပြင်ပေါ်မှာပေါ်လာကြရောတဲ့။ အဲဒီနည်းနဲ့သူတို့ဘက်မှာဖမ်းခဲ့တာ ငါးရှဉ့်တွေ၊ ငါးဖရုံတွေ၊ငါးကျည်း၊ ငါးခူတွေအားကြီးရတယ်လို့ပြောသွားတာနဲ့ ကျွန်တော်စမ်းကြည့်မလို့မိုးကာစတွေတောင် ငှားပြီးပြီ”

ဦးသာကျော်သည် ဖိုးနီမျက်နှာကို ငေးမောကြည့်နေရင်းက သက်ပြင်းတစ်ချက်ကိုလေးပင်စွာချလိုက်၏။ပြီးမှ–

"ဖိုးနီ ဖိုးနီ အခုတလောမှာ မင်းတို့မိသားစုအခက်အခဲဖြစ်နေတာငါ သိပါတယ်ကွာ။ မင်းလိုပဲ ငါတို့တစ်တွေလဲချမ်းသာကြတာ မဟုတ်ပါဘူး။ တို့ရွာမှာ မင်းက ပညာအတတ်ဆုံး၊ စာအဖတ်ဆုံးပါ၊ မင်းပြောခဲ့သလို လုပ်လိုက်မယ်ဆိုရင် နောက်နှစ်ခါစားဖို့မျိုးတောင် ကျန်မှာမဟုတ်တော့ဘူး။ မင်းအဖေကလဲ တံငါပါပါပဲ၊ ငါနဲ့သူငယ်ချင်းပါပဲ၊ ငါတို့ငယ်ငယ်ကတည်းက ငါတို့မိဘတံငါကြီးတွေက နမူနာပြသွားခဲ့တဲ့ကောင်းတဲ့အချက်တွေက အများကြီးကွ၊ အိုင်ပဲပက်ပက်၊ တမံပဲဖော်ဖော်ရသမျှ အကုန်မဖမ်းရဘူးတဲ့ကွ။ ကြီးပေ့ဆိုတဲ့ငါးကြီးတွေကိုနောက်နှစ်တွေမှာ မျိုးပွားနိုင်အောင် အင်းထဲအိုင်ထဲ၊ ချောင်းထဲမြောင်းထဲပြန်လွှတ်လေ့ရှိတယ်။ ဒါမှလဲ တို့လိုတံငါတွေအဖို့ရှာလို့မကုန်၊ ဖမ်းလို့မကုန်နိုင်အောင် ငါးတွေ၊ ပုစွန်တွေကပေါက်ဖွားကြမှာမဟုတ်လား"

“အဲ တစ်စတစ်စနဲ့လောဘဇောတွေ တက်လာကြပြီး တစ်နပ်စားဉာဏ်နဲ့လုပ်လာကြတာတွေ့နေရတယ်။ ဟုန်းတစ်ပွေ့မြစ်တစ်ကွေ့တဲ့၊ ဆေးတွေခပ်ပြီး ငါးတွေဖမ်းတယ်။ တချို့များပိုးသတ်ဆေးလိုဟာမျိုးတွေသုံးပြီးတော့တောင် ဖမ်းကြတယ်။ အဲဒီတော့ ရေသတ္တဝါမှန်သမျှဟာ မျိုးသုဉ်းကုန်ကြတော့တာပဲ"

“ဟုတ်တယ် ဘကြီးရေ။ ငါးသလောက်ပိုက်တွေ မြစ်ထဲမှာချတဲ့ တချို့ပိုက်တွေမှာလဲ သုံးထပ်ပိုက်ဆိုပြီး ထွင်လာကြတယ်။ ကြီးတာကော၊သေးတာကော ဘာမှအလွတ်မပေးဘဲကို ဖမ်းနေကြတာတွေ့နေရတယ်”

ဘယ်အချိန်ကရောက်နေမှန်းမသိသော ဦးရွှေဖောင်ကဝင်၍ ထောက်ခံလိုက်သည်။

“အေး ဟုတ်တယ်။ မဆင်မခြင်လုပ်တာတွေကြောင့် ရေသတ္တဝါတွေဟာ တို့ငယ်ငယ်တုန်းကနဲ့မတူတော့ဘူး။ တစ်နေ့တခြားရှားပါးလာကုန်ကြပြီ။ တခြားမကြည့်ပါနဲ့။ ဟိုတုန်းကလူတွေဟာ သစ်ကိုင်းသစ်ပင်အကုန်မခုတ်ဘူးကွ။ ကျန်ခဲ့တဲ့သစ်ပင်ကြီး ဆက်လက်ရှင်သန်ကြီးထွားစေဖို့ နတ်နေနတ်ကိုင်းတစ်ခုချန်ထားလေ့ရှိခဲ့ကြတယ်။ ဒါကြောင့်လဲ သားစဉ်မြေးဆက်ထင်းခုတ်သုံးလို့မကုန်အောင် ကုက္ကိုပင်ကြီးတွေ အခုထိဝေဝေဆာဆာကျန်နေသေးတာပေါ့။ ဒါပါ ဖိုးနီရာ။ ဒီလောက်ပြောရင် မင်းလဲ သဘောပေါက်မှာပါ။ ကဲ...ဟိုးမှာကြည့်လိုက်စမ်း။ သူတို့ရဲ့ တစ်ပင်းစားစာကလေးပဲရရ၊ ဟင်းချိုတစ်ခါခပ်ပဲရရ၊ လက်ကျန်ငါးကလေးတွေကောက်သင်းကောက်ဖို့စောင့်နေတဲ့လူတွေ၊ ကဲ... သူတို့ကို ငါးဆင်းဖမ်းခိုင်းရမှာလား ဒါမှမဟုတ် ပြန်တော့လို့ပြောလိုက်ရမှာလား"

တစ်ချိန်လုံးခေါင်းကြီးငုံ့ကာငြိမ်၍နားထောင်နေခဲ့သော ဖိုးနီသည် ဆတ်ခနဲထ၍အိုင်ကြီးဘက်သို့ထွက်သွားကာ–

“ကဲ...ဖမ်းချင်တဲ့သူတွေ အကုန်ဆင်းဖမ်းကြတော့ဗျို့”ဟုအော်၍ပြောလေရာ စောစောကတားဆီးထား၍ စောင့်နေခဲ့ရသောကောက်သင်းကောက်မည့်လူအုပ်ကြီးသည် “ဟေး”ဟုဝမ်းသာအားရအော်လိုက်ကာ သူ့ထက်ငါအလုအယက်အိုင်တွင်းသို့ ပြေးဆင်းသွားကြလေ၏။

တမံပေါင်တွင် မားမားကြီးရပ်လျက်ရှိသောဖိုးနီသည် လူအုပ်ကြီးကိုကြည့်ရင်း ပြုံးလျက်ရှိနေလေတော့သည်တကား။

## ဆိုကရေးတီးပြိုင်ပွဲ နွဲ့စို့တူပျော်

– "ဆို" ကြမည် သံစဉ်များ
ရွေးတေးသွား အခြေခံ၊
အမျိုးဂုဏ် မြှင့်တင်ကြလို့
ဆိုကြအမှန်၊
ဇာတိသွေး ဇာတိမာန်
ကမ္ဘာသိရန် သီဆိုကျူး၊
ကိုယ်ပိုင်ဟန် ယဉ်ကျေးမှု
တေးဖွဲ့ကာမြူး။

– "က" မည်ဆို ခေါင်းခါးခြေလက်
မူမပျက် ဟန်ပန်အညီ၊
အခြေခံ ပိုင်နိုင်ထား
စည်းဝါးနရီ၊
တိုင်းရင်းသားတို့အလှကိုယ်စီ
ရိုးရာအညီ ကပြပေး၊
ချစ်ကြည်စွာ လက်တွေတွဲလို့
နွဲ့ကြစို့လေး။

– "ရေး" ဖွဲ့ကာ တေးအလှက
အေးမြမြ ကာရန်ချို၊
အမျိုးဂုဏ် တင့်စေဖို့
မြှင့်တင်ဖို့လို၊
ငွေရတု ပြိုင်ပွဲကို
ညွှန်းဖွဲ့ဆို အချက်လေးရပ်၊
နိုင်ငံတော် အေးချမ်းရေးအတွက်
ရေးဖွဲ့ဂုဏ်ဒြပ်။

– "တီး" လိုက်မည် ရွှေလက်သံ
နဘံထက်ယံ ညင်သာ၊
တူရိယာ ဆိုင်းစုံလို့
တိုင်းစုံပြိုင်ကာ၊
အိုးစည်ဒိုးပတ် မကျန်ပါ
မြန်မာရိုးရာ တေးသံတီး၊
ငြိမ့်ညောင်းစွာ ကြားရပုံက
နားဝမငြီး။ ။

**ရွှေတိုး(ထုံးဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဂျပန်ဝန်ကြီးချုပ်အသစ် အီရှီဘာရှိဂဲရုအကြောင်း တစေ့တစောင်း

မောင်စိန်အိ(နဘဲမြေ)

ယခုနှစ်စက်တင်ဘာလတွင် အီရှီဘာရှိဂဲရုသည် အာဏာရပါတီ၏ ခေါင်းဆောင်ရွေးကောက်ပွဲ၌ လစ်ဘရယ်ဒီမိုကရက်ပါတီ(LDP) ခေါင်းဆောင်အဖြစ်ရွေးချယ်တင်မြှောက်ခံရသည်။ နိုင်ငံ၏ လွှတ်တော်စနစ်ကိုအခြေခံလျက် အီရှီဘာရှိဂဲရုသည် အောက်တိုဘာ ၁ ရက်တွင် ဖူမီယိုကီရှီဒါကိုဆက်ခံသည့်ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်အသစ်ဖြစ်လာခဲ့သည်။

အီရှီဘာရှိဂဲရုကို ဂျပန်နိုင်ငံ၏ထိပ်တန်းခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်နောက်ခံအကြောင်းတရားများကို သိရှိထားသင့်ပေသည်။ အထူးသဖြင့် နိုင်ငံခြားရေးမူဝါဒနှင့်လုံခြုံရေးနယ်ပယ်များတွင် ၎င်း၏အကြောင်းကိုအထိုက်အလျောက်သိထားသင့်ပေသည်။

**LDP အတွင်း အပြောင်းအလဲဖြစ်ပေါ်လာခြင်း**

ဆိုရလျှင် ယခင်ဝန်ကြီးချုပ်ဟောင်းကီရှီဒါသည် ဂျပန်ပြည်သူများကြားတွင် ထောက်ခံမှုတဖြည်းဖြည်းကျဆင်းလာခဲ့သည်။ အကြောင်းမှုကား LDP လွှတ်တော်အမတ်များနှင့်မိတ်ဖက်ဖွဲ့စည်းထားသောကြောင့် နိုင်ငံရေးဆိုင်ရာမကောင်းသတင်းများ ထွက်ပေါ်ခဲ့သည်။ LDP နိုင်ငံရေးသမားများအတွက် နိုင်ငံရေးရန်ပုံငွေ သန်းပေါင်းများစွာထူထောင်ထားသည့်ကိစ္စလည်း ပေါ်ထွက်လာခဲ့သည်။

၎င်းပြဿနာအားလုံးသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လုပ်ကြံခံရပြီးနောက်ပိုင်း လူသိရှင်ကြားပေါ်ထွက်လာခဲ့ပြီး အာဘေး၏ လက်ယာယိမ်းအုပ်စုဖြစ်သည့် Sei-wakai သည် နိုင်ငံရေးအပုပ်နံ့ထွက်ရခြင်း၏ အခြေခံဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းကီရှီဒါသည် ခိုင်မာသောခေါင်းဆောင်မှုမပေးနိုင်သဖြင့် ပြဿနာများဖြေရှင်းရန်ပျက်ကွက်ခဲ့ပြီး ပြည်သူများကြား LDP နိုင်ငံရေးသမားများအပေါ် ယုံကြည်မှုကျဆင်းလာခဲ့သည်။ ယခုနှစ် စက်တင်ဘာလအစောပိုင်းတွင်ပြုလုပ်ခဲ့သော NHK စစ်တမ်း၌ ကီရှီဒါအစိုးရအဖွဲ့အပေါ် ထောက်ခံမှုသည် ၂၀ ရာခိုင်နှုန်းထိကျဆင်းလာခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင်တာဝန်စတင်ထမ်းဆောင်ကတည်းက ထောက်ခံမှုအနိမ့်ဆုံးဖြစ်ခဲ့သည်။ ထိုသို့ထောက်ခံမှုကျဆင်းလာခဲ့သဖြင့် ကီရှီဒါသည် LDP ဥက္ကဋ္ဌရွေးချယ်ရာတွင် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

ထိုအတောအတွင်း ဝန်ကြီးချုပ်ဟောင်းအာဘေးနှင့် နိုင်ငံရေးပြိုင်ဘက်တစ်ဦးဖြစ်သည့်အီရှီဘာသည် အာဘေးအစိုးရအဖွဲ့နှင့် ကီရှီဒါတို့လက်ထက်တွင် ကြီးမားသော တာဝန်ထမ်းဆောင်ခွင့်မရရှိဘဲအရေးမပါသောတာဝန်များကိုသာ ထမ်းဆောင်ခဲ့ရသည်။ အီရှီဘာသည်အားလပ်ချိန်များတွင် ရုပ်သံနှင့် You Tube အပါအဝင်မီဒီယာများစွာတွင် ပေါ်ထွက်လာခဲ့ပြီး ပြည်သူများကြား လူသိများထင်ရှားလာခဲ့သည်။ ယခုအကြိမ်သည် LDP ဥက္ကဋ္ဌရာထူးအတွက် အီရှီဘာ၏ ပဉ္စမအကြိမ်မြောက်ယှဉ်ပြိုင်မှုပင်ဖြစ်သည်။ ၎င်းက နောက်ဆုံးကြိုးပမ်းမှုအဖြစ်ပြောဆိုခဲ့ပြီး အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

LDP အုပ်စုများ၊ အထူးသဖြင့်အဖွဲ့ဝင် ၉၆ ဦးရှိသည့်အာဘေးအုပ်စုပြိုကွဲသွားသဖြင့် အီရှီဘာသည် စက်တင်ဘာ ၂၇ ရက်တွင်ပြုလုပ်သည့် ပါတီဥက္ကဋ္ဌရွေးကောက်ပွဲ၌ တာကာအီချီဆန်နဲ့ကိုအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တာကာအီချီဆန်သည် အာဘေး၏နိုင်ငံရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်နေသူဖြစ်သည်။

အီရှီဘာအာဏာပြန်လည်ရရှိခြင်းသည် LDP အတွင်းအာဏာအပြောင်းအလဲတစ်ရပ်ကိုကိုယ်စားပြုလျက်ရှိပြီး အာဘေးကာလနိုင်ငံရေးအခင်းအကျင်းမှုဖယ်ခွာခြင်းလည်းဖြစ်သည်။ အာဘေး၏ပြိုင်ဘက်ရွေးချယ်ခံရခြင်းသည် လက်ယာယိမ်းမှုအလယ်အလတ်လမ်းစဉ်ကို ချိန်ခွင်လျှာညှိမှုပင်ဖြစ်သည်။

**တာနာကာထံမှနိုင်ငံရေးအမွေဆက်ခံ**

အီရှီဘာ၏ဖခင်ဖြစ်သူ အီရှီဘာဂျီရိုသည် Tot-tori စီရင်စု၏ အုပ်ချုပ်ရေးမှူးနှင့်ပြည်ထဲရေးဝန်ကြီးတာဝန်များကိုထမ်းဆောင်ခဲ့သည်။ သက်ရှိထင်ရှားစဉ်ကဂျီရိုသည် ဝန်ကြီးချုပ်ဟောင်းတာနာကာကာကူအီနှင့်ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သည်။ အီရှီဘာသည် ၎င်း၏ဖခင်ကွယ်လွန်ချိန်၌ အသက် ၂၉ သာရှိခဲ့သည်။ တာနာကာသည် အီရှီဘာ၏တိုကျိုမြို့ရှိ ၎င်း၏အိမ်သို့ခေါ်ပြီး လွှတ်တော်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် တိုက်တွန်းအားပေးခဲ့သည်။



ထို့ကြောင့် အီရှီဘာသည် တာနာကာကို နိုင်ငံရေးဆိုင်ရာ ဦးဆောင်လမ်းပြသူဆရာတစ်ဆူအဖြစ် သဘောထားခဲ့သည်။ တာနာကာသည် တရုတ်လိုလားသူအဖြစ် လူသိများခဲ့သည်။ အကြောင်းမှုကား ၎င်းသည် ၁၉၇၂ ခုနှစ်စက်တင်ဘာလတွင် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဂျပန်-တရုတ် ပူးတွဲဆက်ဆံရေးကိုထုတ်ပြန်ကြေညာခဲ့သည်။ တာနာကာသည် အမေရိကန်ထံမှ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းခဲ့သည်ဆိုသောအမြင်များလည်း ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့်အီရှီဘာသည် တာနာကာကို နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လေ့လာစောင့်ကြည့်သူအဖြစ်ရင်းနှီးကျွမ်းဝင်ခဲ့သည်။

အီရှီဘာသည် ဂျပန်ပြည်သူများကြား ထောက်ခံမှုရရှိနေသော်လည်း အမေရိကန်များကြားတွင်မူ လူသိနည်းလျက်ရှိသည်။ ၎င်းအနေဖြင့် ကာကွယ်ရေးတွင် အတွေ့အကြုံရှိပြီးလက်နက်များသုတေသနပြုထုတ်လုပ်မှုကို စိတ်ပါဝင်စားသောကြောင့် ပင်တဂွန်၏ထောက်ခံမှုကိုရရှိဖွယ်ရာရှိနေသည်။ ၎င်းအနေဖြင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အမှီအခိုကင်းစွာရပ်တည်သွားလိုသောဆန္ဒရှိနေသည့်အတွက် ပြည်သူများ၏ထောက်ခံမှုရရှိလာခြင်းဖြစ်သည်။

**ကာကွယ်ရေးနယ်ပယ်တွင်ကျွမ်းကျင်သူ**

လုံခြုံရေးမူဝါဒအနေဖြင့်မူ အီရှီဘာ၏အမြင်များစွာကို တွေ့ရှိနိုင်မည်ဖြစ်သည်။ ၎င်းသည် ကာကွယ်ရေးဝန်ကြီးအဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးလောကတွင် ကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူများအနက်မှတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသည်။ ၎င်းသည် အမြင်သဘောထားကိုဖော်ပြနိုင်ရေးအတွက် လွှတ်တော်အမတ်များနှင့်အချေအတင်ဆွေးနွေးနိုင်စွမ်းရှိသည်။

အီရှီဘာသည်အာရှဒေသတွင် NATO ပုံစံစုပေါင်းလုံခြုံရေးသဘောတူညီချက် ထူထောင်ထားရှိရန် အဆိုပြုထားသည်။ ၎င်းသည် ဂျပန်-အမေရိကန် လုံခြုံရေးစာချုပ်နှင့် ဂျပန်နှင့်အမေရိကန်တို့၏ ဟန့်တားမှုစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် ဂူအမ်ကျွန်း၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JSDF)တပ်ဖြန့်ချထားခွင့်ပြုသည့်တပ်ဖွဲ့များသဘောတူညီချက်အဆင့်အတန်းတို့ကို ပြန်လည်သုံးသပ်သွားရန်လည်း အဆိုပြုထားရှိသည်။

ထိုအဆိုပြုချက် အကောင်ထည်ပေါ်လာမည်ဆိုလျှင် ဂူအမ်ကျွန်းတွင် JSDF တပ်ဖြန့်ချထားမှုသဘောတူညီချက်သည် ဂျပန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များတပ်ဖြန့်ချထားမှုနှင့် တစ်သဘောတည်းဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံတွင် အမေရိကန်စစ်စခန်းများကို ပူးတွဲစီမံခန့်ခွဲမှုနယ်ပယ်တိုးချဲ့လာခြင်းသည် ဂျပန်နိုင်ငံရှိအမေရိကန်တပ်ဖွဲ့များအပေါ် ဝန်ထုပ်ဝန်ပိုးလျှော့ချသွားနိုင်မည်ဖြစ်ကြောင်း အီရှီဘာက ယခုနှစ်စက်တင်ဘာ ၂၅ ရက်တွင် ၎င်း၏အမြင်ကိုပြောကြားသွားခဲ့သည်။

သို့သော် လက်တွေ့ကျကျပြောရမည်ဆိုလျှင် ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများမှကျွမ်းကျင်သူများက NATO ပုံစံ အာရှမူကွဲလုံခြုံရေးသဘောတူညီချက် ထူထောင်ရန်လွန်စွာခက်ခဲသည်ဟု ယုံကြည်ထားကြသည်။ NATO အဖွဲ့နှင့်မတူညီသည့်အချက်မှာ အရှေ့တောင်အာရှနိုင်ငံများသည် တရုတ်နိုင်ငံကို ဆန့်ကျင်သည့် စစ်ရေးမဟာမိတ်အဖွဲ့ ဖွဲ့စည်းသွားရေးနှင့်စပ်လျဉ်း၍ အယုံကြည်ကင်းမဲ့လျက်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်မလိုအပ်သောတင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ရေးကြိုးပမ်းခြင်းအားဖြင့် ဒေသတွင်းမဟာဗျူဟာမြောက် အင်အားတည်ဆောက်လျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများအပါအဝင် အာရှနိုင်ငံများသည် တရုတ်နိုင်ငံနှင့်အန်တုယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းလျက်ရှိသည်။ အချို့သောနိုင်ငံများသည် တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့ကို စီးပွားရေးမိတ်ဖက်အဖြစ် ခိုင်မာသောဆက်ဆံရေးထူထောင်ထားလျက်ရှိသည်။ အာရှနိုင်ငံများကြား မတူကွဲပြားမှုများအပြင် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ စည်းလုံးညီညွတ်မှုမရှိခြင်းသည် NATO ကဲ့သို့သော အာရှမဟာမိတ်အဖွဲ့ပေါ်ထွက်လာရန်သည် မသေချာမရေရာဖြစ်လျက်ရှိသည်။

ထို့ပြင် ဂျပန်-အမေရိကန်တပ်ဖွဲ့များ သဘောတူညီချက်အဆင့်အတန်း ပြန်လည်သုံးသပ်ရေးအတွက် အီရှီဘာ၏တောင်းဆိုမှုနှင့် အမေရိကန်တွင် JSDF အတွက် လေ့ကျင့်ရေးစခန်းတည်ဆောက်ရန် အဆိုပြုခြင်းတို့အပေါ် အမေရိကန်က အပြင်းအထန်ဆန့်ကျင်ကန့်ကွက်သွားဖွယ်ရာရှိသည်။ ထို့ကြောင့် အီရှီဘာအစိုးရအဖွဲ့သည် သံခင်းတမန်ခင်းနှင့်လုံခြုံရေးဆိုင်ရာတို့တွင် ခက်ခက်ခဲခဲနှင့်စတင်သွားရဖွယ်ရှိသည်။

အောက်တိုဘာ ၁ ရက်တွင် လွှတ်တော်နှစ်ရပ်လုံးသည် အီရှီဘာရှိဂဲရုကို ဂျပန်နိုင်ငံ၏ ၁၀၂ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ အီရှီဘာသည် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၁၉ ဦးခန့်အပ်ခဲ့ပြီး အမျိုးသမီး နှစ်ဦးသာပါရှိသည်။ တာကဲရှိအီဝါယာကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနာကာတာနီကို ကာကွယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ကာဆူနိုဘူကာတိုကို ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ယိုရှီမာဆာဟာယာရှိကို အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း အသီးသီးခန့်အပ်ခဲ့သည်။

အီရှီဘာသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကိုတုံ့ပြန်နိုင်ရေးအတွက် မိတ်ဆွေနိုင်ငံများနှင့်နီးကပ်သောဆက်ဆံရေးထူထောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသွားသည်။ အီရှီဘာသည် လွှတ်တော်အမတ်အဖြစ် ၃၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံရေးအတွေ့အကြုံရှိသူဟု ဆိုသော်လည်း ဂျပန်နိုင်ငံလုံခြုံရေးအတွက် အင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုကြားတွင် လိမ္မာပါးနပ်စွာရပ်တည်သွားရန်လိုအပ်ပေသည်။ အီရှီဘာသည် ပွင့်လင်းစွာပြောဆိုတတ်မှုကြောင့် ပြည်သူများ၏ထောက်ခံမှုရရှိခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ကြဉ်းနိုင်မှသာလျှင် ဝန်ကြီးချုပ်သက်တမ်းအပြည့်အဝ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**


-(1) 3 Things to Know About Japan's New Prime Minister Ishiba Shigeru by The Diplomat.

-(2) Japan's new PM Ishiba pledges reform, deeper ties with friendly nations by Reuters.

# ကမ္ဘာတစ်ဝန်း သန္တာကျောက်တန်းများအရောင်ကျွတ်မှု ယခုလအတွင်းပိုမိုမြင့်တက်လာ



**လန်ဒန် အောက်တိုဘာ ၁၈**

ကမ္ဘာတစ်ဝန်းတွင်ရှိသော သန္တာကျောက်တန်းများ အရောင်ကျွတ်မှုသည် ယခုလအတွင်း ပိုမိုမြင့်တက်လာကြောင်း ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် ကမ္ဘာပေါ်ရှိ သန္တာကျောက်တန်းများတည်ရှိရာ ဒေသများ၏ ၇၇ ရာခိုင်နှုန်းသည် အရောင်ကျွတ်မှုများနှင့်ရင်ဆိုင်နေရပြီး ထိုသို့ဖြစ်ရခြင်း၏ အဓိကပြဿနာမှာ အပူဖိစီးမှုကြောင့် ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အောက်တိုဘာလ စတုတ္ထပတ်ကိုလံဘီယာနိုင်ငံတွင် ကျင်းပမည့် ကော့ပ် ၁၆ ထိပ်သီးအစည်းအဝေးတွင် သန္တာကျောက်တန်းများ အရောင်ကျွတ်မှုနှင့် ပတ်သက်ပြီး အဓိကထားကာ အရေးပေါ်ကိစ္စတစ်ရပ်အနေဖြင့် ဆွေးနွေးအဖြေရှာမည်ဖြစ်ကြောင်း သိရသည်။

သန္တာကျောက်တန်းများသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ကမ္ဘာတစ်ဝန်းရှိ သန္တာကျောက်တန်းများ အစုလိုက်အပြုံလိုက် အရောင်ကျွတ်ခြင်းများ စတင်ဖြစ်ပေါ်ခဲ့ကာ ယခုအခါ စံချိန်တင်အရောင်ကျွတ်မှုများဖြစ်ပေါ်နေကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့(NOAA)က ထုတ်ပြန်ခဲ့သည်။

NOAAမှကောက်ယူထားသော စစ်တမ်းများအရ သန္တာကျောက်တန်းများအရောင်ကျွတ်မှုများသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ကမ္ဘာ့သန္တာကျောက်တန်း ဧရိယာ၏ ၆၆ ရာခိုင်နှုန်းအောက်သာရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် ယခုလအတွင်းတွင် ၇၇ ရာခိုင်နှုန်းထိ တိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

ပူနွေးသောသမုဒ္ဒရာများတွင် အပူဖိစီးမှုကြောင့် သန္တာကျောက်တန်းများ အရောင်ဖျော့သွားကြောင်း၊ အရောင်ဖျော့သွားသော သန္တာကျောက်တန်းများ ပုံမှန်အရောင်ပြန်ဖြစ်စေရန် သမုဒ္ဒရာအပူချိန်လျော့သွားရန်လိုအပ်ပြီး လက်ရှိမှာ သန္တာကျောက်တန်း အရောင်ကျွတ်မှုဖြစ်ပေါ်နေသော နိုင်ငံပေါင်း ၇၄ နိုင်ငံရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ပါရာဂွေးနိုင်ငံ ပလက်တာပြည်နယ်တွင် ပါရာဂွေးမြစ်ရေခန်းခြောက်မှုဖြစ်ပေါ်နေ

**အဆန်စီယွန် အောက်တိုဘာ ၁၈**

ပါရာဂွေးနိုင်ငံ၏ စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများအတွက် အဓိကကျသည့် ပါရာဂွေးမြစ်သည် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေမျက်နှာပြင်ကျဆင်းလာခဲ့ပြီး နေရာတချို့တွင် ရေခန်းခြောက်လာသည့်အတွက် ပါရာဂွေးမြစ်ရေကို အသုံးပြုရေးနှင့်ပတ်သက်ပြီး ပလက်တာပြည်နယ်မှ တောင်သူများနှင့် တံငါသည်များကြား တင်းမာမှုများဖြစ်ပေါ်နေကြောင်း ပလက်တာ တံငါသည်များအသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပါရာဂွေးမြစ်သည် ပါရာဂွေးနိုင်ငံအတွက် အရေးပါသည့် မြစ်တစ်စင်းဖြစ်ပြီး ပါရာဂွေးနိုင်ငံမှတစ်ဆင့် ဘရာဇီးနိုင်ငံ၊ ဘိုလီးဗီးယားနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ထိ စီးဆင်းနေသည့် မြစ်ဖြစ်ကြောင်း၊ ပါရာဂွေးမြစ်ကို တောင်သူများက စပါးစိုက်ပျိုးရေးအတွက် အဓိကအားထားနေရသလို တံငါသည်များကလည်း ငါးဖမ်းလုပ်ငန်းများအတွက် အဓိကအသုံးပြုနေရကြောင်း၊ မြစ်ရေခန်းခြောက်လာမှုကြောင့် စပါးစိုက်ခင်းများအတွင်း ရေသွင်းလိုသည့် တောင်သူများနှင့် ရေခန်းခြောက်မှုကြောင့် တံငါသည်များက ရေသွင်းခြင်းမပြုလုပ်စေလိုသည့်အတွက် ၎င်းတို့အကြား တင်းမာမှုများရှိနေခြင်းဖြစ်သည်။

"ပါရာဂွေးမြစ်ဟာ ကျွန်တော်တို့ တံငါသည်တွေအတွက် အရေးပါသလိုတောင်သူတွေအတွက်လဲ အရေးပါတယ်။ ဒါပေမဲ့ မြစ်ရေခန်းခြောက်လာချိန်မှာ တောင်သူတွေကစိုက်ခင်းတွေထဲရေသွင်းဖို့ လုပ်လာတယ်။ ဒါဟာဘယ်လိုမှ မဖြစ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ သူတို့လုပ်ချင်ရင်တောင် အနည်းဆုံး မြစ်ရေပမာဏကိုတော့ သတိပြုသင့်ပါတယ်"ဟု ပလက်တာနယ်မြေမှ တံငါသည်တစ်ဦးဖြစ်သူ ခရက်ဆန်စီယိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat



# ဘရာဇီးနိုင်ငံတွင် နေရာတချို့၌ မိုးရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်

**ဘရာဇီး အောက်တိုဘာ ၁၈**

ဘရာဇီးနိုင်ငံ တောင်ဘက်ပိုင်း နေရာတချို့တွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း ဘရာဇီးမိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာများကို အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားပြီး မိုးရေချိန်သည် မီလီမီတာ ၆၃၀ ထိမြင့်တက်လာနိုင်ကြောင်း၊ ရေဘေးအန္တရာယ် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားသော ဧရိယာများတွင် ဘရာဇီးနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် လိုင်ယွန်မြို့ပါဝင်နေပြီး ရုပ်ရှင်ပွဲတော်များကျင်းပသည့် မြို့ဖြစ်သည့် ကန်နက်စ်မြို့လည်း ပါဝင်နေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုသည် လာမည့် ၄၈ နာရီအတွင်း ဖြစ်ပေါ်လာနိုင်ပြီး ရေကြီးရေလျှံမှုလည်း စတင်လာနိုင်ဖွယ်ရှိနေကြောင်း ဘရာဇီးမိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"တောင်ဘက်ပိုင်းနေရာတချို့မှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ လာမဲ့ ၄၈ နာရီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပြီး ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ဧရိယာတွေမှာ ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်"ဟု ဘရာဇီးမိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသော ဧရိယာများမှ ဒေသခံတချို့မှာ ဘေးလွတ်ရာ ရွှေ့ပြောင်းမှုစတင်နေပြီဖြစ်သလို အနီရောင်သတိပေးချက်ထုတ်ပြန်ထားသောဧရိယာအတွင်းမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းသင့်ကြောင်း ဘရာဇီးအစိုးရက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံမှ မုန်တိုင်းဒဏ်သင့်ပြည်နယ်များ ပြန်လည်ထူထောင်ရေးအတွက် အိမ်ဖြူတော်က ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခွင့်ပြု

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံတွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဟယ်လင်ဟုအမည်ပေးထားသောဟာရီကိန်းမုန်တိုင်းနှင့် မီလ်တန်ဟုအမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် အိမ်ဖြူတော်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံထိခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အားကောင်းသည့် မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ခဲ့သည့်အတွက် ကြီးမားသောပျက်စီးဆုံးရှုံးမှုအပြင် လူသေဆုံးမှုများလည်းရှိခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဧရိယာများတွင် ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၈၀၀၀ ကျော်ထိ စေလွှတ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသည်ဟု အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း၊ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုဝင်ဘာ ၅ ရက်ထိဘတ်ဂျက်များလိုအပ်သလို သုံးစွဲခွင့်ရရှိရေးအတွက် တရားရေးရာဌာနသို့ အဆိုတင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းဒဏ်သင့် ပြည်နယ်တွေဖြစ်တဲ့ မြောက်ကာရိုလိုင်းနားပြည်နယ်၊ တောင်ကာရိုလိုင်းနားပြည်နယ်၊ ဖလော်ရီဒါပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်၊ တန်နက်စီပြည်နယ်၊ ဗာဂျီးနီးယားပြည်နယ်တို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံထိခွင့်ပြုထားပါတယ်။ လိုအပ်ရင်ထပ်မံသုံးစွဲခွင့် ရဖို့အတွက်လဲ တရားရေးရာဌာနကအဆိုပြုထားပြီးဖြစ်ပါတယ်"ဟု အိမ်ဖြူတော်အစိုးရမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဆရိနာဂါမြို့တွင် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရ

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ ဂျမ္မူး-ကက်ရှ်မီးယားဒေသ ဆရိနာဂါမြို့အနီးဝန်းကျင်ဒေသများတွင် ရေအရင်းအမြစ် ခန်းခြောက်မှုကြောင့် သောက်သုံးရေ ပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ပြည်သူ့ကျန်းမာရေးအင်ဂျင်နီယာဌာနမှ အောက်တိုဘာ ၁၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ ဆရိနာဂါမြို့နှင့် အနီးဝန်းကျင် ဒေသများတွင် အချိန်ကြာမြင့်စွာ ခြောက်သွေ့သော အခြေအနေဖြစ်ပေါ်နေမှုကြောင့် ရေအရင်းအမြစ် ခန်းခြောက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရပြီး အထူးသဖြင့် ကက်ရှ်မီးယားမြောက်ပိုင်းနှင့် ဆရိနာဂါမြောက်ပိုင်းဒေသများတွင် အဓိကကြုံတွေ့နေရကြောင်း ဒေသဆိုင်ရာပြည်သူ့ကျန်းမာရေး အင်ဂျင်နီယာဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါဒေသများတွင် အပူချိန်မြင့်တက်မှုကြောင့် ရေမျက်နှာပြင် သိသိသာသာ ကျဆင်းမှုများဖြစ်ပေါ်လျက်ရှိခြင်း၊ သဘာဝရေအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ကြောင့် ရေသန့်စင်မှုလုပ်ငန်းများတွင် စွမ်းဆောင်ရည်ပြည့်ဝစွာလည်ပတ်နိုင်ခြင်း မရှိခြင်းကြောင့် ရေပေးဝေရေးလုပ်ငန်းများတွင်လည်း ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် ရေပေးဝေမှု လုပ်ငန်းများတွင် ကြီးကြီးမားမား ပြတ်တောက်မှုများမဖြစ်ပေါ်စေရေး ဖြစ်နိုင်သမျှအစီအမံများ လုပ်ဆောင်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးအင်ဂျင်နီယာဌာနမှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးဖြစ်သော အင်ဂျင်နီယာချုပ် ဗီဇက်ခိုလီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တနင်္ဂနွေနေ့ည ကစားမဲ့အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ကစားပုံကောင်းတဲ့ လီဗာပူးအသင်း၊ နာပိုလီအသင်း၊ ဗီလာရီးရဲလ်အသင်းတို့ကို အားပေးရမှာပါ

M L




ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၁၀) ရောက်ဖို့ နီးကပ်လာချိန်မှာ အသင်းတွေရဲ့ ပုံမှန်ခြေစွမ်းနဲ့ အားနည်းချက်တွေကို တွေ့မြင်လာရသလို တချို့အသင်းတွေအနေနဲ့ကစားသမားနဲ့ နည်းပြကြား နားလည်မှုအလွဲတွေကြောင့် ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုင်ငံတကာပြိုင်ပွဲကာလမှာတော့ ဒဏ်ရာရကစားသမားအများအပြားရှိခဲ့သလို တချို့ကစားသမားတွေကတော့ ဒဏ်ရာကြောင့် နိုင်ငံကိုယ်စားပြုအနေနဲ့ လူစာရင်းက ချန်လှပ်ခံခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် တနင်္ဂနွေညကစားမဲ့ပွဲမှာတော့ ဒဏ်ရာရပွဲပန်းမှုရှိနေတဲ့ ကစားသမားတွေကိုရှောင်ရှားပြီး အရန်ကစားသမားအားကောင်းတဲ့အသင်းတွေနဲ့ တိုက်စစ်ကစားပုံကောင်းတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

## လီဗာပူးအသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၈) မှာ အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နည်းပြစလော့လက်ထက်မှာ ပုံစံကောင်းရရှိနေပြီး အမှတ်ပေးပွဲ ခုနစ်ပွဲအပြီးမှာ ရမှတ် ၁၈ မှတ်နဲ့ အဆင့်(၁) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြကလော့လက်ထက်က ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး နည်းပြသစ်စလော့ကလဲ နည်းစနစ်ပိုင်းကောင်းမွန်တာကြောင့် အခုရာသီပြိုင်ပွဲစုံမှာ ရှုံးပွဲတစ်ပွဲသာရှိသေးတာကို တွေ့ရမှာပါ။ နည်းပြစလော့ရဲ့ ကစားပုံဟာ တိုက်စစ်အသားပေး ကစားတတ်တာကြောင့် အပြန်အလှန်တိုက်စစ်ဆင်ကစားလာတဲ့ အသင်းတွေကို ဖိအားပေးထိန်းချုပ်ကစားနိုင်တာဖြစ်ပါတယ်။ ဒါပေမဲ့ တန်ပြန်တိုက်စစ်ကောင်းတဲ့ နော်တင်ဟမ်လိုအသင်းကိုတော့ ရှုံးနိမ့်ခဲ့တာကိုတော့ သတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကိုတော့ ဆာလာဟ်၊ ဂျိုတာတို့က ဦးဆောင်နေပြီး အသင်းအတွက် အဓိကဂိုးတွေ သွင်းယူနေတာဖြစ်ပါတယ်။ နည်းပြစလော့ရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ ဂျိုတာ၊ နူနက်တို့ အထောင်တိုက်စစ်မှာ ကစားနေရပြီး ဆာလာဟ်၊ ဂတ်ပိုတို့က တောင်ပံထွက်ကစားနေလို့ ခံစစ်ပိုင်းအားနည်းချက်ရှိတဲ့ ချဲလ်ဆီးအသင်းအခက်တွေ့နိုင်ပါတယ်။

ချဲလ်ဆီးအသင်းဟာ နည်းပြမာရက်စ်ကာလက်ထက်မှာ တိုက်စစ်ကစားပုံကောင်းလာတာကြောင့် ရာသီအစ အဖွင့်ပွဲစဉ်ကလွဲရင် ကျန်ပွဲတွေအားလုံး ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ခုနစ်ပွဲအပြီးမှာတော့ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၄ မှတ်ရခဲ့တာကြောင့် အဆင့်(၁) က လီဗာပူးနဲ့ လေးမှတ်သာကွာဟနေတာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ နော်တင်ဟမ်နဲ့ပွဲမှာတော့ တစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ပြီး နော်တင်ဟမ်ရဲ့ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပယ်မာကို ကွင်းလယ်တိုက်စစ်မှာ အသုံးပြုခဲ့တဲ့ ပွဲတွေမှာ ဂိုးရဖို့လွယ်ကူခဲ့တာကြောင့် ပြီးခဲ့တဲ့ ငါးပွဲဆက်မှာ ၁၇ ဂိုးထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ချဲလ်ဆီးအသင်းဟာ လီဗာပူးအသင်းနဲ့ ကစားခဲ့ရတဲ့ နောက်ဆုံးကိုးပွဲဆက်မှာ လေးပွဲရှုံး ၊ ငါးပွဲသရေ ရလဒ်သာရရှိခဲ့သလို အကျောပေးမှုကလဲ လီဗာပူးအသင်းက တစ်ဂိုးနဲ့နိုင်ရန် ခပ်ပါးပါးပဲ ပျော့ခွင့်ရမဲ့အခြေအနေက အိမ်ရှင်အသင်း အနည်းဆုံးတစ်ဂိုးနဲ့နိုင်မှာဖြစ်လို့ လီဗာပူးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၀ | ဘုန်းမောက် |
| လီဗာပူး | ၅ | - | ၁ | ဝက်စ်ဟမ်း |
| ဝုဗ် | ၁ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၀ | ဘိုလော့နာ |
| ပဲလေ့စ် | ၀ | - | ၁ | လီဗာပူး |

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၀ | - | ၃ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၅ | - | ၀ | ဘာရီး |
| ချဲလ်ဆီး | ၄ | - | ၂ | ဘရိုက်တန် |
| ချဲလ်ဆီး | ၄ | - | ၂ | ဂျန့် |
| ချဲလ်ဆီး | ၁ | - | ၁ | နော်တင်ဟမ် |

## နာပိုလီအသင်း အနိုင်ရမှာပါ

အီတလီစီးရီးအေပွဲစဉ်(၈) မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အမ်ပိုလီအသင်းနဲ့ နာပိုလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမ်ပိုလီအသင်းဟာ အခုရာသီမှာ ပြီးခဲ့တဲ့လာဇီယိုနဲ့ပွဲသာ ရှုံးခဲ့ပေမဲ့ ကျန်ပွဲတွေမှာ အနည်းဆုံးသရေကစားနိုင်ခဲ့လို့ ပွဲစဉ်(၇) အပြီးမှာ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၁၀) မှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့ပြီး အိမ်ကွင်းမှာ ဖီအိုရင်တီးနားနဲ့ ဂျူဗင်တပ်တို့ကို သရေကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ ကစားသမားလေးဦးထိ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိလို့ နာပိုလီအသင်းလို တိုက်စစ်ကောင်းတဲ့အသင်းကို ထိန်းချုပ်ဖို့တော့ ခက်ခဲမှာပါ။

နာပိုလီအသင်းဟာ နည်းပြကွန်တီလက်ထက်မှာ ကစားသမားသစ်ခေါ်ယူမှု အများအပြားပြုလုပ်ခဲ့ပြီး ကစားပုံကောင်းမွန်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစ အဖွင့်ပွဲမှာ ဗီရိုနာကို သုံးဂိုးပြတ်ရှုံးခဲ့ပြီးနောက်ပိုင်း အမှတ်ပေးပွဲခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိတော့ဘဲ ခံစစ်ပိုင်းက ပေးဂိုးနှစ်ဂိုးသာရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးဇယား အဆင့်(၁) မှာ ဦးဆောင်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကို ရမှတ်နှစ်မှတ်အကွာနဲ့ ဦးဆောင်နိုင်ခဲ့တာကို တွေ့ရမှာပါ။ နာပိုလီအသင်းဟာ အခုရာသီမှာ ဥရောပပွဲမကစားရတာကြောင့် အမှတ်ပေးဆုဖလားကိုရယူဖို့ အဓိကပစ်မှတ်ထားနေသလို ကွန်တီကလဲ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကို အကောင်းဆုံးအသုံးချနေတာဖြစ်ပြီး ပုံစံကောင်းပျောက်ဆုံးနေတဲ့ လူကာကူဟာ ကွန်တီရဲ့နည်းစနစ်အောက်မှာ ခြေစွမ်းပြဂိုးတွေ သွင်းယူနေတာဖြစ်ပါတယ်။ နည်းပြကွန်တီရဲ့ ၄-၃-၃ ကစားပုံဟာ နောက်တန်းသုံးယောက် အသုံးပြုထားတဲ့ အမ်ပိုလီအသင်းကို ဂိုးရဖို့မခက်သလို လူကာကူနဲ့ ကာဗာရက်ရှီလီယာတို့ အတွဲမိခဲ့ရင်တော့ သွင်းဂိုးများသွားမှာ သေချာပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ နာပိုလီအသင်း အနိုင်ရမှာပါ။

### အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၀ | ဂျူဗင်တပ် |
| ကက်ဂလီယာရီ | ၀ | - | ၂ | အမ်ပိုလီ |
| တိုရီနို | ၁ | - | ၂ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ | - | ၀ | ဖီအိုရင်တီးနား |
| လာဇီယို | ၂ | - | ၁ | အမ်ပိုလီ |

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၀ | - | ၄ | နာပိုလီ |
| ဂျူဗင်တပ် | ၀ | - | ၀ | နာပိုလီ |
| နာပိုလီ | ၅ | - | ၀ | ပါလာမို |
| နာပိုလီ | ၂ | - | ၀ | မွန်ဇာ |
| နာပိုလီ | ၃ | - | ၁ | ကိုမို |

## ဗီလာရီးရဲလ်အသင်းကို ရွေးချယ်ရမှာပါ

လာလီဂါပွဲစဉ်(၁၀) မှာ အကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်အသင်းနဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ လက်ရှိဒဏ်ရာရကစားသမားများပြားနေပေမဲ့ တိုက်စစ်ပိုင်းကျဆင်းသွားခြင်းမရှိဘဲ ဂိုးတွေသွင်းယူနေဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ခြေစွမ်းပြတိုက်စစ်မှူး ဆိုးလော့၊ ဒန်ဂျူးမား၊ ဂိုးသမား ဂျော်ဂျန်ဆန်တို့ကို ရောင်းချခဲ့တာဖြစ်ပြီး ခံစစ်မှာ ဘားနက်၊ ကော်စတာ၊ ဂိုးသမား လူးဝစ်ဂျူနီယာတို့ကို ပြန်လည်ဖြည့်တင်းခဲ့တာကို တွေ့ရမှာပါ။ နည်းပြဂါစီယာကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်အမျိုးမျိုးပြောင်းလဲနေပေမဲ့ တောင်ပံကစားသမား ဘေနာကတော့ ခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်မှာ ပီရက်ဇ်က ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေပေမဲ့ ဒဏ်ရာကြောင့် အခုပွဲမှာပါဝင်နိုင်မှာမဟုတ်လို့ ဘေနာကပဲ တိုက်စစ်ကို ဦးဆောင်ရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဗီလာရီးရဲလ်အသင်းက အသာရခဲ့တာကို တွေ့ရမှာပါ။

ဂီတာဖေးအသင်းဟာ အိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းဖြစ်ပေမဲ့ တိုက်စစ်မှူး ဂရင်းဝုဒ်ထွက်ခွာပြီးနောက်ပိုင်း တိုက်စစ်ကစားအားကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကိုးပွဲအပြီးမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး ငါးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ကြောင့် ရမှတ် ရှစ်မှတ်နဲ့ တန်းဆင်းဇုန်ဖိအားအောက်ကျရောက်နေတာကို တွေ့ရမှာပါ။ ဂီတာဖေးဟာ အသင်းကြီးတွေနဲ့ဆုံရင် ခံစစ်အသားပေးကစားတာကြောင့် ပေးဂိုးနည်းပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်ကြောင့် နိုင်ပွဲရခဲ့ခြင်းမရှိပါဘူး။ လက်ရှိ ကိုးပွဲကစားအပြီးမှာလဲ တိုက်စစ်က ခြောက်ဂိုးသာသွင်းယူနိုင်ခဲ့သလို ခံစစ်ကလဲ ခုနစ်ဂိုးသာ ခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ နည်းပြဘိုဒါလက်စ်ကတော့ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေပြီး ဂိုးရဖို့ထက် ဂိုးမပေးရရေး အာရုံစိုက်ကစားခဲ့တာကြောင့် ပွဲတိုင်းမှ ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့ခြင်းမရှိဘဲ အလာဗက်ကို နှစ်ဂိုးပြတ်အနိုင်ရတဲ့ ပွဲမှာတောင် တန်ပြန်တိုက်စစ်နဲ့သာ ကစားခဲ့ရတာကို သတိပြုရမှာပါ။ ဒါကြောင့် တိုက်စစ်ထက်မြက်တဲ့ ဗီလာရီးရဲလ်လို အသင်းကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်ကစားဖို့မဖြစ်နိုင်တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရှာဖွေမဲ့ ဗီလာရီးရဲလ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ | - | ၅ | ဘာစီလိုနာ |
| အက်စ်ပန်ညို | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၃ | - | ၁ | လက်ပါးမက် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဗီလာရီးရဲလ် |

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၁ | လက်ပါးမက် |
| ဘာစီလိုနာ | ၁ | - | ၀ | ဂီတာဖေး |
| ဂီတာဖေး | ၂ | - | ၀ | အလာဗက် |
| ဂီတာဖေး | ၁ | - | ၁ | အိုဆာဆူနာ |




၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက် ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။


# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၈၄၂ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၈၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၈၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၅၁၅၉၉ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၇၂၄၃ ဧက စုစုပေါင်း ၅၈၈၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ မြေပဲ ၅၈၈၀၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၈၈၄၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၅၁၅၈၆ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၇၂၂၃ ဧက စုစုပေါင်း ၅၈၈၀၉ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက မြေပဲ တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလင်းကြီးကုန်းကျေးရွာ အုပ်စု တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၈ ဦးကို ငွေကျပ် ၃၄ ဒသမ ၇သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့်မြို့ပြကွာဟမှုလျှော့ချနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး








## စည်သွတ်စက်ရုံ(မန္တလေး)အတွက် အမဲသားကုန်ကြမ်းများတင်သွင်းရန် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စည်သွတ်စက်ရုံ(မန္တလေး)မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် (၂၀၂၄ ခု ဧပြီလမှ ၂၀၂၅ခု မတ်လအထိ)အတွက် အမဲသားစည်သွတ်ဘူးထုတ်လုပ်ရန် လိုအပ်သော အမဲသား (အသားကောင်း)(၆၇,၆၈၀)ပိဿာအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် အမဲသားသတ်လိုင်စင်(စီ)ရထားသူများအနေဖြင့် အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်နေရာ-
စည်သွတ်စက်ရုံ(မန္တလေး)၊ ချမ်းမြသာစည်လေဆိပ်အနောက်ဘက်။

( ခ ) တင်ဒါတင်သွင်းရမည့်နေ့နှင့်အချိန်-
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် (၀၈:၀၀)နာရီမှ
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် (၁၂:၀၀)နာရီထိ

( ဂ ) တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်နှင့်အချိန်-
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် (၁၃:၀၀)နာရီ

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်ဒါပုံစံများကို တင်ဒါတင်သွင်းရမည့် စက်ရုံတွင် ရုံးဖွင့်ရက် နံနက် (၀၈:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း လာရောက်ကြည့်ရှုစုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ငွေကျပ် ၂၀၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။

**စက်ရုံမှူး၊ စည်သွတ်စက်ရုံ(မန္တလေး)**







## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက
Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**






❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး**

စာမျက်နှာ- ၁၈




# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊စေတီ၊ပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257